www.burmeseclassic.com



# ဒေါ်အောင်ဆန်းစုကြည်

သို့မဟုတ်

# ကန္တာရခရီးကြမ်းမှ ပန်းသခင်

နေစိုးထက်

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀၁၉၂၀၆၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန်၊ သင်းစာပေ |
| ပုံနှိပ်သူ | - | ဦးလှတင် (မြဲ ၁၇၃၄၅)<br>မင်းမင်းဇော်ပုံနှိပ်တိုက်<br>အမှတ် ၃၈၆၊ ၄၆-လမ်း<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | - | ဒုတိယအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၅၀၀ |

**ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)**

နေစိုးထက်

ဒေါ်အောင်ဆန်းစုကြည် သို့မဟုတ် ကန္တာရခရီးကြမ်း မှ ပန်းသင်
သင်းစာပေ၊ ၂၀၁၂။

စာမျက်နှာ - ၁၆၀ ၁၂.၅ × ၁၈.၅ စင်တီ

(၁) ဒေါ်အောင်ဆန်းစုကြည် သို့မဟုတ် ကန္တာရခရီးကြမ်း မှ ပန်းသင်


www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်အောင်ဆန်းစုကြည်

သို့မဟုတ်

# ကန္တာရခရီးကြမ်းမှ ပန်းသခင်

နေမိုးထက်

☆

ဖြန့်ချိရေး
ဖိုးရာဇာစာအုပ်တိုက်
အမှတ်-၂၇၁ (မြေညီ)၊ လမ်း ၄၀(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၇၇၉၆

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ
အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


နိဒါန်း သို့မဟုတ် . . .
ဒေါ်အောင်ဆန်းစုကြည်၏ကြမ်းတမ်းသည့်
ထာဝရခရီးမှသည် . . . ၉

အပိုင်း—တစ်
ဒေါ်အောင်ဆန်းစုကြည်နှင့်ပုဂ္ဂလိကဘဝ

၁။ ဒေါ်အောင်ဆန်းစုကြည်၏ ဘဝအခြေခံအား
သုံးသပ်လေ့လာခြင်း ၁၈
၂။ ဒေါ်အောင်ဆန်းစုကြည်၏ ပညာရေးဘဝအား
သုံးသပ်လေ့လာခြင်း ၂၆
၃။ ဒေါ်အောင်ဆန်းစုကြည်၏ အိမ်ထောင်ရေးဘဝခရီး
နှင့်မပြီးဆုံးသေးသည့် ပညာရေးကဏ္ဍ ၃၆
၄။ ဒေါ်အောင်ဆန်းစုကြည်(သို့မဟုတ်)တာဝန်ကျေသူ
သမီးဂုဏ်ရည်မြင့်မားသူ ၅၁

အပိုင်း—နှစ်
ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးဘဝ

၁။ ဒေါ်အောင်ဆန်းစုကြည်နှင့် '၈၈'
နိုင်ငံရေးဘဝနိဒါန်း ၆၁
၂။ ဒေါ်အောင်ဆန်းစုကြည်၏နိုင်ငံရေး
နည်းဗျူဟာနှင့် မြန်မာနိုင်ငံနှင့်ပြည်သူ ၇၁


www.burmeseclassic.com

www.burmeseclassic.com

၃။ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြုပြင်ပြောင်းလဲခြင်း ၈၆
၄။ ဒေါ်အောင်ဆန်းစုကြည်နှင့် ပုဂ္ဂိုလ်ရေး
ကိုးကွယ်သူများ၊ အမှန်တရားမြတ်နိုးသူများ ၉၅
၅။ ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတကာဒီမိုကရေစီ
နှင့်မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းဖြစ်စဉ်များ ၁၀
၆။ ဒေါ်အောင်ဆန်းစုကြည်၊ ဒီမိုကရေစီနှင့်
မြန်မာပြည်သူလူထု ၁၁
၇။ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအမြင်၊
နိုင်ငံရေးအတွေးအခေါ် ၁၂
၈။ မှန်ရာကိုညွှန်ပြပြောဆိုတတ်သူ ၁၃
၉။ ပကတိစိတ်ထားနှင့် တပ်မတော်ကိုအမြင်ကြည်သူ ၁၃
၁၀။နိဂုံး သို့မဟုတ် နိုင်ငံသမိုင်းသစ်လှပစေဖို့ ၁၄
ကျမ်းကိုးစာရင်း ၁၅

☆

www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီး ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးမိခင်ကြီး ကျွန်ုပ်တို့ချစ်သောအမေစု ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

# နိဒါန်း

## သို့မဟုတ်

## ဒေါ်အောင်ဆန်းစုကြည်၏

## ကြမ်းတမ်းသည့် ကန္တာရခရီးမှသည်

[၁]

လူသည် ဖြတ်သန်းရုန်းကန်ခြင်းဘဝကို ပုံဖော်သည်ဟု သမိုင်းက ပြဆိုသည်။ ယင်းဖြတ်သန်းရုန်းကန်မှုသည်ပင် သမိုင်းကို ဖန်တီးခြင်းမည်သည်။

ဤသည်ကပင် လူ့သမိုင်း ဖြစ်ခဲ့သည်။

ထို့အတူ လူတစ်ဦး၏သမိုင်း၊ လူတစ်ဦး၏ ဖြတ်သန်းရုန်းကန်မှုသည်ပင် လူအများအတွက် သင်ခန်းစာယူစရာ ဖြစ်ခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် လူတစ်ဦး၏သမိုင်း၊ လူတစ်ဦး၏ ဖြတ်သန်းမှုပုံရိပ်များသည် အနိမ့်အမြင့်၊ အကောင်းအဆိုး ဖြန့်တီးနေသောကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လူ၏ဖြတ်သန်းမှုသမိုင်းတွင် အရိပ်ထင်လာသည့်ပုံရိပ်များသည် ပုံသေကားချပ် မဟုတ်နိုင်။ တစ်ခါတစ်ရံ နှစ်လိုအားရဖွယ်ဖြစ်ပြီး တစ်ခါတစ်ရံ စက်ဆုတ်ရွံရှာဖွယ် ဖြစ်ခဲ့သည်ပင်။

စင်စစ် ဤသို့ ဖြစ်ရသည်မှာ အကြောင်းမဲ့မဟုတ်။

သူ၏ ဖြတ်သန်းမှုခရီးတွင် ကြုံတွေ့ရသည့် အခြေအနေများအပေါ်တွင် မူတည်နေသည်ဟု ဆိုရမည့်ပင်။

လူတစ်ဦး ဖြတ်သန်းမှုခရီးအား သုံးသပ်ကြည့်လျှင် တစ်ခါတစ်ရံ ပန်းမွှေ့ယာ ရွှေကော်ဇောခင်းထားသည့်နှယ်ရှိပြီး တစ်ခါတစ်ရံ ကန္တာရခရီးကြမ်း၊ ခရောင်းလမ်း ဖြစ်ရ၏။

ဤသို့ ဘဝခရီးတွင် မတူညီသည့် ဘဝနှစ်ခုရှိသကဲ့သို့ အတွေ့အကြုံ ခံစားမှုသည်လည်း တူညီမည်မဟုတ်ပေ။

ဤကား နိယာမ။

ဤကား သဘာဝပင်။

[၂]

လူ၏ ဖြတ်သန်းမှုသမိုင်းကိုကြည့်လျှင် အကောင်းရှိသလို အဆိုးလည်းရှိ၏။ အလင်းရှိသလို အမှောင်လည်းရှိ၏။

ယင်းသို့ ကြုံတွေ့ရသည့် အကောင်းနှင့်အဆိုး၊ အလင်းနှင့်အမှောင်ဟူသမျှသည် ဖြတ်သန်းခဲ့သည့် ဖြတ်သန်းမှုပိုင်ရှင်က ပြုလုပ်သည်ချည်းမဟုတ်သည်ကို လေ့လာလျှင် တွေ့ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် သဘာဝတရားကပင် ဆန်းကြယ်သည်ဟု ဆိုရမည်။ အဘယ့်ကြောင့်ဆိုသော် လူတစ်ဦး၏ ဖြတ်သန်းမှု ခရီးတွင် ထိုသူ၏စိတ်ဆန္ဒ၊ သဘောထားနှင့်အတူ တာဝန် ကာလ ဒေသ အခြေအနေပေါင်းများစွာတို့ ယှက်ဖြာနေသော ကြောင့်ဟု ဆိုရမည်။

လူ့သမိုင်းဖြစ်စဉ်များအား ပြန်ကြည့်လျှင် ထူးခြားသော သဘာဝတရားများရှိနေသည်ကို တွေ့ရလိမ့်မည်။

ဆိုရလျှင် လူသည် အကောင်းကို မြတ်နိုးသူသာ ဖြစ်မည်။ အစဉ်အမြဲကောင်းမှုနှင့် ကောင်းကျိုးအား ရည်သန်သူသာ ဖြစ်သည်။

သို့သော် ကောင်းမှု၊ ကောင်းကျိုးအတွက်သာ ရှေးရှု ဖြတ်သန်းခဲ့သည်မှန်သော်လည်း ကာလဒေသ၊ ပယောဂအခြေ အနေများကြောင့် မူလရည်မှန်းသည့်အတိုင်း ဖြစ်လာခြင်းမရှိ ဘဲ လွဲချော်သွားသည်လည်း ရှိသည်။

အကောင်းကိုလိုလျက် အဆိုးဖြတ်သန်းသည့်အခြေအနေ လည်း ရှိသည်။ ယင်းကြောင့် လူတစ်ဦး၏သမိုင်းစဉ်အား လေ့လာသည့်အခါ သူ၏အကောင်းအဆိုးနှင့်ပတ်သက်၍ ဝေဖန် သည့်နေရာ၌ အမြင်ကြည်လင်ရန်၊ အကောင်းမြင်ဝါဒ ကျင့်သုံး ရန်လိုသည်ဟု ယူဆမိ၏။

လူ့သဘာဝအရ လူသည် ပတ်ဝန်းကျင်၊ ကာလဒေသ အခြေအနေနှင့် ကင်းကွာနေမရသည့်အခြေအနေဖြစ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တာ၊ ဖြစ်သင့်တာနှင့် လွဲချော်သွားရသည်လည်းရှိသည်။

အကောင်းကို လိုသူဖြစ်သော်လည်း ကာလဒေသ၊ ပယောဂအခြေအနေကြောင့် အဆိုးဖြစ်သွားသူများ လောကတွင် မရေမတွက်နိုင်အောင် ရှိခဲ့သည်။

ထို့ကြောင့် လူကြီးသူမတို့က-

"လူသည် အမှားနှင့်မကင်းသူ ဖြစ်သည်။ မမှားချင်ဘဲ အမှားကြုံရသူ လောကၖ များစွာ ရှိသည်။

ထို့ကြောင့် အမှားကျူးလွန်မိသူအား အပြစ်တင်ခြင်းသည် အမှန်တရားမဟုတ်။ အမှားကျူးလွန်မိသူတိုင်းသည် လူဆိုးမဟုတ်။

အမှားကို အမှားမှန်းသိ၍ ပြုပြင်သူသည် လူကောင်းလူတော် ဖြစ်၏။ အမှားကို အမှားမှန်းသိလျက် အမှားတွင် ယစ်မူးပြီး မှားပြီးရင်းမှားနေသူသည်သာ လူဆိုး ဖြစ်သည်။"

ဟူ ဖွင့်ဆိုပြခဲ့၏။

ဤအချက်ကို ကျွန်တော်တို့ သတိချပ်ရမည့်အချက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



[၃]

ဤစာအုပ်သည် ယနေ့ မြန်မာနိုင်ငံတွင် အထင်ရှားဆုံးဟုဆိုရမည်။ ပြည်သူအများ ထောက်ခံအားပေးနေသည့် အောင်ဆန်းစုကြည်၏ ဘဝသမိုင်း၊ ဖြတ်သန်းမှုအား ယထာဘူတကျစွာ ကာလဒေသ၊ ပယောဂ အခြေအနေများနှင့် ချိန်ထိုးသုံးသပ်ရှုမြင်ခြင်းဟု ဆိုနိုင်၏။

စာရေးဆရာတစ်ဦးအနေနှင့် အောင်ဆန်းစုကြည်၏ ဘဝပုံရိပ်များ၊ ဖြတ်သန်းမှုများအား ချစ်ခြင်း၊ မုန်းခြင်းကင်းစွာ တည့်တည့်ရုပ်၍ ရှုမြင်သုံးသပ်ခြင်း ဖြစ်၏။

စင်စစ် စာရေးဆရာသည် သမာသမတ်ကျစွာ စတုဋ္ဌမဏ္ဍိုင် ခိုင်မာရေး ကျားကုန်ပေးရမည့်သူ ဖြစ်၏။ သဘာဝတရားနှင့် အမှန်တရားကို ရှေ့ရှုရမည် ဖြစ်၏။

စေတနာမှန်၊ စိတ်ရင်းမှန်နှင့် အနာဂတ် မြန်မာနိုင်ငံခေတ်မီတိုးတက်ဖွံ့ဖြိုးလာစေရေး၊ နိုင်ငံအကျိုးသည်ပိုးသူ၏ စေတနာအရင်းခံ ပြည်သူနားလည်နိုင်စေရေးအတွက် ပြုစုခြင်းဖြစ်သဖြင့် နိုင်ငံအတွက်၊ လူမျိုးအတွက် တစ်စုံတစ်ရာ အကျိုးသက်ဝင်မည် ထင်၏။

စာဖတ်သူတို့ လက်ခံကျေနပ်လျှင် ရေးရကျိုးနပ်ပြီဟု ဆိုရမည်ဖြစ်သတည်း။

နေဦးထက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (တစ်)

## ဒေါ်အောင်ဆန်းစုကြည်
## နှင့်
## ပုဂ္ဂလိကဘဝ



www.burmeseclassic.com



ဖခင်ဗိုလ်ချုပ်အောင်ဆန်းနှင့်
မိခင်မဟာသီရိသုဓမ္မဒေါ်ခင်ကြည်

www.burmeseclassic.com

www.burmeseclassic.com

၁။

# ဒေါ်အောင်ဆန်းစုကြည်၏ ဘဝအခြေခံအား သုံးသပ်လေ့လာခြင်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

လူတစ်ဦး၏ဘဝပုံရိပ်အား လေ့လာသုံးသပ်မည်ဆိုလျှင် ထိုသူ၏ဘဝအခြေခံအား ဦးစွာ လေ့လာသုံးသပ်မှသာ ပြီးပြည့်စုံ နိုင်မည် ဖြစ်၏။

လူတစ်ဦး၏ ဘဝအခြေအနေ၊ အကောင်းအဆိုး၊ အမှား အမှန်ဟူသမျှသည် ဘဝအခြေခံမှ စခဲ့သည်ချည်း ဖြစ်သည် ဗမာစကားတွင် မျိုးစေ့မှန်မှ ပင်သန်သည်ဟု ရှိ၏။

အဆောက်အဦးတစ်ခု၏ ခိုင်ခန့်မှုသည် အခြေခံအုတ်မြစ် ခိုင်မာပြည့်စုံခြင်းမှ စခဲ့သည်မှာ အထူးပြောဖွယ်မလိုပါ။ ထို့ အတူ အဆင့်ဆင့် မှန်ကန်ခြင်းများသည်လည်း အဓိကကျသည်

စိတ်ဝတ္ထုဖြစ်တည်ခြင်းနှင့် ရုပ်ဝတ္ထုဖြစ်တည်ခြင်းသည် သက်ရှိနှင့်သက်မဲ့ ကွဲပြားမှုရှိသော်လည်း ခိုင်မာတောင့်တင်း ပြုပြင်ထိန်းသိမ်းမှုအရာတွင် ကွာခြားမှု သိပ်မရှိလှချေ။



www.burmeseclassic.com

www.burmeseclassic.com


နှစ်တစ်ရာမကခိုင်ခန့်သည့် ပစ္စည်းအဆောက်အအုံ နှင့် ကာလရှည်ကြာမခံသည့် ပစ္စည်းနှစ်ခုအား လေ့လာလျှင် အနှစ်ခြခံအား ကောင်းခြင်း၊ မကောင်းခြင်းနှင့် ဆက်နွှယ်နေကြောင်း သိသာ၏။

သူမဘဝအခြေခံအား လေ့လာလျှင် သူမသည် မိရိုးဖလာ ဗုဒ္ဓဘာသာအစဉ်အလာအရ အတိတ်ကံကောင်းသူဟု ဆိုရမည်။ သူမသည် အတိတ်အခြေခံကောင်းသူဖြစ်သဖြင့် မြန်မာနိုင်ငံသားမက အရှေ့တောင်အာရှတစ်ခွင် ထင်ရှားသည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မဟာသီရိသုမင်္ဂလာ ဒေါ်ခင်ကြည်၏သမီးရတနာအဖြစ် မွေးဖွားသန့်စင်သူ ဖြစ်ခဲ့ရ၏။

သို့သော် သူမသည် မွေးဖွားမှုအခြေခံကောင်းသူ ဖြစ်ခဲ့စေကာမူ သူမ၏အခြေခံကောင်းမွန်ခြင်းက ရေရှည်တည်တံ့ခြင်း မရှိခဲ့။

သူမဘဝသည် တစ်ဝက်ကျိုးလမ်းမှ မျက်စိသူငယ် ခံစားခဲ့ရသည်မဟုတ်လား။

အစ၏ အစမဆုံးမီမှာပင် မျက်စိသူငယ်ဘဝ ခံစားခဲ့ရ၏။

လူ့ဘဝ၏ ပြည့်စုံခြင်းဟူသည်မှာ မိစုံဖစုံဘဝသည် အဓိက ဖြစ်၏။ သဘောမှာ လက်နှစ်ဖက် ထိတွေ့ပေါင်းစည်း ညီညွတ်ခြင်းမှ လက်ခုပ်သံဖြစ်ခဲ့သည့်သဘောပင်။


www.burmeseclassic.com

www.burmeseclassic.com



[၂]

ဗိုလ်ချုပ်အောင်ဆန်း မသိမာသူများလက်ချက်နှင့် ကျဆုံးတော့ သူမသည် လူမမယ်သာ ရှိသေး၏။ သူမ နှလုံးသားသည် နှင်းဆီပွင့်ဖတ်ကလေးကဲ့သို့ နူးညံ့နေချိန်။

သားသမီးတို့၏ဘဝတွင် မိခင်၊ ဖခင်တို့သည် ငွေတောင်၊ ရွှေတောင် ဖြစ်သည်။ မိဘနှစ်ပါးသည် သားသမီးတို့အတွက် ခက်လက်ဝေဖြာသည့် အရိပ်အာဝါသကောင်း ဖြစ်၏။

မြန်မာ့ရိုးရာစဉ်လာနှင့်ကြည့်လျှင် သမီးသည် ဖခင်ချစ်မြတ်နိုးခြင်း ခံရသူ၊ အမိအဖရှိသည့်အနက် ဖခင်ကို သမီးတိုင်းက ချစ်ခင်ကြ၏။

"ဘာပဲပြောပြော ငါ့သမီးကလေး စုကတော့
တကယ့်ကို ထက်ထက်မြက်မြက်နဲ့ အားရစရာ
ပဲ"

ဟု သားသမီးများနှင့်ပတ်သက်၍ ဗိုလ်ချုပ်၏မှတ်ချက်အား ဖတ်ရှုခဲ့ရဖူး၏။

သူမအား ဗိုလ်ချုပ်က အချစ်ပိုသလို သူမကလည်း ဖခင်ကို အချစ်ပိုမည်မှာ မလွဲပါ။ ပြီးတော့ သူမသည် ဗိုလ်ချုပ်နှင့် အတော်တူသူ ဖြစ်၏။

ဖခင်ကိုချစ်သော၊ ဖခင်၏အချစ်ကို ရရှိခဲ့သော သူမအဖို့ ဖခင်ဖြစ်သူ အချိန်မတိုင်မီ သေဆုံးရခြင်းအတွက် မည်မျှ ခံစားရမည်ကို စာနာကြည့်လျှင် သိသာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကသာ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ထိန်းသိမ်းချုပ်တည်းနိုင်စွမ်းမရှိလျှင် နလုံးပျက်သွားနိုင်သည့်အခြေအနေဟု ဆိုရမည်ပင်။

သို့နှယ်ပင် ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ်ကျိုးမရှာခဲ့သူဖြစ်သဖြင့် ဗိုလ်ချုပ် သေဆုံးတော့ မိသားစုအတွက် ဂုဏ်သိက္ခာမှလွဲ၍ ပစ္စည်းဥစ္စာ ချန်လှပ်ထားခဲ့နိုင်ခြင်း မရှိသည်ကို ပြည်သူအများ သိပါသည်။

ထို့ကြောင့် ဗိုလ်ချုပ် သေဆုံးတော့ မယ်မယ်ရရ ပိုင်ဆိုင်မှုမရှိခဲ့သဖြင့် နိုင်ငံ့ခေါင်းဆောင်မိသားစုဘဝအခြေအနေနှင့် ချိန်ထိုးကြည့်မည်ဆိုလျှင် ပြည့်စုံမှုမရှိသော ချို့တဲ့သောမိသားစုဘဝဟု ဆိုနိုင်ပါသည်။

လောက၌ သားသမီးများ၏ ဘဝမြင့်မားမှုအတွက် မိဘနှစ်ပါး စုံညီစွာရှိခြင်းသည် 'အား' ဖြစ်၏။

သူမဘဝက ဘက်နှစ်ဖက်မပြည့်စုံသောဘဝဟု ဆိုရမည်။ မိခင်၏ ပံ့ပိုးတည်ဆောက်မှုဖြင့် ဘဝကို အောင်မြင်မှုရခဲ့သူသာ ဖြစ်၏။

ထို့ကြောင့် သူမသည် ဘဝအခြေခံကောင်းရှိခဲ့သော်လည်း အစ၏အချိန်တွင် ဆုံးရှုံးမှုကို ရင်ဆိုင်ရသူဖြစ်ပါလျက် ယခုနှယ်အခြေအနေမျိုးသို့ ရောက်ရှိလာစေရန် စွမ်းဆောင်ကြိုးပမ်းခဲ့သည့် ဇွဲသတ္တိကမှု ထူးကဲလှသည်ဟု ဆိုရမည်။

သူမက လောကခံကို ရင်ဆိုင်ရဲသော၊ စိတ်ဓာတ်၏



www.burmeseclassic.com

www.burmeseclassic.com


အင်အားပြည့်စုံသော၊ ဗိုလ်ချုပ်သမီး ပီသသူဟုဆိုလျှင် မှားမည် မဟုတ်ပါ။

မှန်သည်။ အောင်ဆန်းစုကြည်၏ ဘဝဖြတ်သန်းမှုသမိုင်းအား လေ့လာလျှင် သူမသည် ဘဝ၏မွန်းကြပ်မှုများ၊ မပြည့်စုံမှုများနှင့် စိတ်ဓာတ်ရေးရာ အားနည်းသည့်စကားများ ပြောကြားခဲ့သည်ကို မတွေ့ရချေ။


www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းစုကြည်၏ မိသားစုဘဝအမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

၂။

# ဒေါ်အောင်ဆန်းစုကြည်၏
# ပညာရေးဘဝအား
# သုံးသပ်လေ့လာခြင်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

သူမ၏ဘဝသမိုင်းအား လေ့လာလျှင် သူသည် အဖေ့ကိုယ်ပွား အမေ့ကိုယ်စားဘဝပိုင်ဆိုင်သူဟု မှတ်ချက်ပြုရမည် ဖြစ်သည်။

ထို့အတူ သူမသည် စိတ်ဓာတ်ခိုင်မာသူလည်း ဖြစ်၏။ စိတ်ပညာရှင် ပရိုဒ်က–

'ဤလောကဌ် အရွယ်မတိုင်မီ မိဘ၏ အနိဋ္ဌာရုံအား မြင်တွေ့ခံစားရသူ၊ မိဘတို့၏ အိမ်ထောင်ပြိုကွဲမှုဒဏ် ခံစားရသူများသည် စိတ်ဓာတ်အင်အား ချို့တဲ့မှုဒဏ်ကို ခံစားရသည်'

ဟု ဖွင့်ဆိုထားသည်ကို မှတ်သားရဖူးသည်။ သို့နှယ်ပင် ထိုထိုသောအဖြစ်အပျက်များနှင့် ကြုံတွေ့ရသူများကို လေ့လာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကြုံတွေ့ခံစားရသူများသည် စိတ်ခါတ်သိမ်ငယ်သူများ၊ အလိုမကျမှု ပြည့်လျှံနေသူများ၊ ပညာရေးဘက်တွင် ချို့တဲ့သူများ ဖြစ်နေသည်ကို တွေ့ရ၏။

ထိုသူများသည် လောကဓံကို ရင်မဆိုင်ရဲသူများလည်း ဖြစ်၏။ လောကဓံ၏ ရိုက်ပုတ်မှုဒဏ်ကို မခံစားနိုင်ကြပေ။

သို့သော် သူမကမူ ထူးခြားသူဖြစ်သည်။

သူမသည် လောကဓံကို ရဲဝံ့စွာ ရင်ဆိုင်ရဲသူ ဖြစ်၏။

အောင်ဆန်းစုကြည်၏ ငယ်ဘဝ ၁၉၄၉ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ဖခင်ဖြစ်သူအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် ထောက်ပံ့ကြေး၊ မိခင်ဖြစ်သူ၏ ရုန်းကန်မှုများနှင့် ပညာရေးဘဝ အား ဖြတ်သန်းခဲ့ရ၏။

ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်သည်လည်း ခင်ပွန်းသည် ဗိုလ်ချုပ်နှယ် တိုင်းပြည်နှင့်လူမျိုး၏ ကျန်းမာရေးအတွက် တတ်ကျွမ်းသည့်ပညာနှင့် မိသားစုဘဝအတွက် ရုန်းကန်ခဲ့၏။

ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်သည် ခင်ပွန်းသည် ဗိုလ်ချုပ်နှယ် အခွင့်အရေးမျှော်ကိုးသူ၊ အခွင့်အရေးအတွက် ဖန်တီးသူမဟုတ်။

ဗိုလ်ချုပ် ကွယ်လွန်ပြီးနောက် ဗိုလ်ချုပ်အရှိန်အဝါယူကာ သားသမီးများ ပြုစုပျိုးထောင်ခဲ့သူမဟုတ်။

"သားကြီး တက္ကသိုလ်ဝင်တန်းအောင်တော့ သူ့
အဖေရဲ့အရှိန်နဲ့ နိုင်ငံရပ်ခြားတက္ကသိုလ်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ထားဖို့အကြံပြုသူတွေ အကူအညီပေးမယ့်သူ
တွေ အများကြီးပါ''

''သားကြီးကို ရန်ကုန်တက္ကသိုလ်မှာထားလို့ရပေ
မယ့် သားကြီးကို ဗိုလ်ချုပ်သားဆိုပြီး အရေး
ပေးမြှောက်ပင့်မှုတွေ ဖြစ်ပေါ်လာနိုင်ပြီး မမျှော်
လင့်ဘဲ သားကြီး ပျက်စီးသွားနိုင်တယ်။ သူ့
အဖေမရှိတဲ့နောက် ကျွန်မမှာ လုံးဝတာဝန်ရှိ
နေပြီ၊ ဒါကြောင့် သားကြီးကို မထင်မရှား
မြို့က တက္ကသိုလ်မှာ ပို့အပ်ပညာသင်ခဲ့တာ''

ဟု ပြောခဲ့သည့်စကားများကိုကြည့်လျှင် ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်သည် အခွင့်အရေးယူသူမဟုတ်။ ခင်ပွန်းဖြစ်သူ ဗိုလ်ချုပ်၏အရှိန်အဝါနှင့် သားသမီးများဘဝအား ပံ့ပိုးပြည့်စုံလိုသူမဟုတ်။

မိခင်ကောင်းတစ်ဦးဘဝ ခံယူကာ ကိုယ့်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် သားသမီးတို့ဘဝ အနာဂတ်လှပစေရေး ကြိုးစားစွမ်းဆောင်သူ ဖြစ်၏။

ထို့ကြောင့် သူမ၏ငယ်စဉ်ပညာသင်ကြားရသည့်ဘဝသည် ဘယ်နည်းနှင့်မျှ လိုလေသေးမရှိ ပြည့်စုံသောဘဝအား ရရှိနိုင်သည်မဟုတ်။

အနည်းနှင့်အများ အခက်အခဲ ကြုံနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



[၂]

သို့သော် သူမသည် ဖွဲ့သတ္တိရှိသော ဖခင်စိတ်ဓာတ်ရှိသူ ဖြစ်သဖြင့် သူမတွင် ရောင့်ရဲတင်းတိမ်ခြင်းရှိနေ၏။

'ရွက်မရှိလျှင် လက်နှင့်လော့' ဟူသောစကားကဲ့သို့ပင် လောကဓံ၏ ရိုက်ပုတ်မှုဒဏ်အား ကြံ့ကြံ့ခံကာ ကြိုးစားရုန်းကန်မည့် စွမ်းဆောင်သူဖြစ်ကြောင်း သိသာ၏။

မိခင်ဖြစ်သူသည် ရိုးသားသူဖြစ်သဖြင့် မိခင်၏ရင်ငွေ့ ရိပ်တွင် ခိုလှုံလူလားမြောက်ခဲ့သူဖြစ်သဖြင့် မိခင်စိတ်ဓာတ်တို့ အပြည့်အဝ ခိုလှုံနေသူဖြစ်သည်။

သို့နှယ်ပင် အဖေ့ကိုယ်ပွား အမေ့ကိုယ်စား ဘဝရပ်တည် နေသူဖြစ်သဖြင့် ရည်မှန်းချက်အား မလွဲမသွေ ပြည့်စုံအောင် ကြိုးစားမည်ဟု သန္နိဋ္ဌာန် ချထားသူဖြစ်ကြောင်းလည်း သိသာ၏။

သူမသည် မြန်မာပြည်ရှိ စိန့်ဖရန့်စစ်ကွန်ဗင့်ကျောင်း အင်္ဂလိပ် ကက်သရစ်ကျောင်းများ၌ ပညာရေးဘဝ စတင်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်၌ မိခင်ဖြစ်သူ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည် က အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ၏ သံအမတ်အဖြစ် ခန့်အပ် ခြင်းခံရတော့ သူမသည် မိခင်နှင့်အတူ အိန္ဒိယနိုင်ငံ၊ ဒေလီမြို့ သို့ လိုက်ပါသွားခဲ့ရ၏။

သည့်အခါ သူမသည် ပညာရေးအတွက် ဒေလီမြို့ရှိ "ဂျီးဇက်" နှင့် မေရီကွန်ဖရင့်ကျောင်း၌ ပညာဆက်လက်



www.burmeseclassic.com

www.burmeseclassic.com


သင်ကြားခဲ့ရ၏။

၁၉၆၂၊ ၁၉၆၃ ခုနှစ်၌ သူမသည် ဒေလီတက္ကသိုလ် 'လေဒီဒရီရုပ်ကောလိပ်' သို့ ဆက်လက်ပညာသင်ကြားရပြီး ထိုကောလိပ်၌ နိုင်ငံရေးသိပ္ပံဘာသာရပ်အား စတင်လေ့လာခဲ့၏။

ဤအချက်ကိုကြည့်လျှင် သူမသည် နိုင်ငံရေးသန္တေရှိသူဖြစ်ကြောင်း ပထမဆုံး သက်သေဖြစ်၏။

[၃]

'ပညာသည် လူ့ဘဝအနာဂတ်အတွက် အထောက်အကူကောင်းဖြစ်သည်' ဟူသော ဗိုလ်ချုပ်၏ရည်မှန်းချက် ပြည့်စုံမှုရရှိစေရန် မိခင်ဖြစ်သူ၏ စနစ်တကျ ပံ့ပိုးကူညီမှုဖြင့် ပညာရေးဘဝ တိုးတက်စေရန် သူမ ကြိုးစားစွမ်းဆောင်ခဲ့သည်။

သူမ၏ကြိုးစားမှုကြောင့် ၁၉၆၄၊ ၁၉၆၇ ခုနှစ်၌ အောက်စဖို့တက္ကသိုလ်ရှိ စိန့်ဟျူးချ်ကောလိပ်၌ ပညာဆည်းပူး သင်ကြားခဲ့ရပြီး ထိုကောလိပ်မှ ဒဿနိကဗေဒ နိုင်ငံရေးသိပ္ပံနှင့် စီးပွားရေးပညာရပ်များအား လေ့လာဆည်းပူးနိုင်ခဲ့ပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့အား ရရှိခဲ့သည်။

ထိုအချိန်များအထိ သူမသည် မိခင်ဖြစ်သူ၏ ထိန်းကျောင်းပံ့ပိုးမှုများနှင့် မည်သို့ ကြိုးစားသင်ယူတတ်မြောက်ခဲ့ကြောင်း လေ့လာတွေ့ရှိရ၏။


www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်ပင် သူမသည် သူ့ဘဝခရီးတွင် လူ့ဘဝအနာဂတ် သာယာစေရေးအတွက် ပညာသည် အရေးကြီးသော ဆည်းပူး လေ့လာအပ်သည့်အရာဟူသော ခံယူချက်နှင့် ပညာရေးခရီးအား မနားတမ်း လျှောက်လှမ်းခဲ့သည်။

ယင်းသို့ ကြိုးစားစွမ်းဆောင်မှုများပြုရာတွင် သူမသည် မိခင်၏ ပံ့ပိုးကူညီမှုအားသာ အားပြုသူအဖြစ်နှင့် မဟုတ်တော့ဘဲ ကိုယ့်တာဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွားသူ၊ ကိုယ့်အားကိုယ်ချွန် ကြိုးစားသူဖြစ်သည်ကို တွေ့ခဲ့ရသည်။

ထို့နောက် သူမသည် ၁၉၆၈ ခုနှစ်၌ လန်ဒန်တက္ကသိုလ်ရှိ အရှေ့တိုင်းနှင့် အာဖရိက လေ့လာရေးဌာန၊ နိုင်ငံရေးသိပ္ပံဌာန၌ သုတေသနလက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ရင်း ပညာရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် နိုင်ငံရေးသိပ္ပံပညာရပ်အား ဆက်လက်သင်ယူခဲ့သည်။

ထိုအချိန်များတွင် အောင်ဆန်းစုကြည်သည် နိုင်ငံရပ်ခြား၌နေထိုင်ပြီး ပညာရေးအတွက် ခရီးဆက်နေ၏။ သူမသည် ရည်ရွယ်ချက်နှင့် ကြိုးစားလျှောက်လှမ်းသူ ဖြစ်၏။

တစ်ဖက်မှ ပညာရေး တိုးတက်မှုအတွက် ကြိုးစား စွမ်းဆောင်မှုများပြုနေ၏။

ယင်းသို့ ပညာရေးဆည်းပူးလေ့လာနိုင်ရန် ၁၉၆၉- ၁၉၇၁ ခုနှစ်၌ နယူးယောက် ကုလသမဂ္ဂအထွေထွေအတွင်း ရေးမှူးရုံး အုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ အကြံ



www.burmeseclassic.com

www.burmeseclassic.com



ပေးကော်မတီ (Advisory Committee Administrative and Budgetany Questions, United Nations, New York) တွင် လက်ထောက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း ဘဝတိုးတက်ရေးအတွက် ကြိုးစားဖြတ်သန်းသူ ဖြစ်သည်။

သူမ၏ဘဝ ဖြတ်သန်းမှုကိုကြည့်လျှင် သူမသည် သူ့ဘဝတိုးတက်ဖွံ့ဖြိုးမှုအတွက် စူးနစ်သည့်ဇွဲလုံ့လနှင့် ကြိုးစားစွမ်းဆောင်ခဲ့သူဖြစ်ကြောင်း တွေ့ရသည်။

■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၃။
ဒေါ်အောင်ဆန်းစုကြည်၏
အိမ်ထောင်ရေးခရီးနှင့် မပြီးဆုံးသေးသည့်
ပညာရေးကဏ္ဍ



www.burmeseclassic.com

www.burmeseclassic.com



၊ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေပုံ

www.burmeseclassic.com

www.burmeseclassic.com

[၁]

သူမသည် မြန်မာနိုင်ငံသမိုင်းသစ်တွင် အန္တိုင်းမဲ့စွမ်းအား
ရှင်၊ လူထုခေါင်းဆောင်၊ နိုင်ငံလွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်
အောင်ဆန်းသမီးဖြစ်နေခြင်း...

မြန်မာနိုင်ငံအား ကိုလိုနီနယ်ချဲ့စနစ်ဖြင့် မြန်မာနိုင်ငံအား
သိမ်းပိုက်ပြီး မြန်မာလူမျိုးတို့အား ကျွန်စာရင်းသွင်းခဲ့သည့်
နယ်ချဲ့ဗြိတိသျှတို့အား အသက်နှင့်လဲကာ နယ်ချဲ့ဆန့်ကျင်ရေး
တိုက်ပွဲဝင်ခဲ့သည့် မြို့လုလင်သူရဲကောင်း ဗိုလ်မင်းရောင်
(ဗိုလ်လရောင်)၏မြစ်ဖြစ်နေခြင်း...

ထို့အတူ နယ်ချဲ့ဗြိတိသျှတို့ ရက်စက်စွာ သတ်ဖြတ်ခဲ့
သဖြင့် ဗိုလ်မင်းရောင် ကွယ်လွန်အနိစ္စရောက်ခဲ့သလို ဗိုလ်ချုပ်
အောင်ဆန်းအား လုပ်ကြံခဲ့သည့် နိုင်ငံတော်လုပ်ကြံမှုတရား



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ဦးစောသည် နယ်ချဲ့ဗြိတိသျှတို့၏ သစ္စာအလိုတော်ရိဖြစ်သဖြင့် ဗိုလ်ချုပ် လုပ်ကြံခံရခြင်းသည် နယ်ချဲ့လက်ချက် အစီအမံ တစ်စုံတစ်ရာမပါဟု မပြောနိုင်ပေ။

အောင်ဆန်းစုကြည်၏အဘိုးဖြစ်သူ ဗိုလ်မင်းရောင်သည် နယ်ချဲ့လက်ချက်နှင့် သေဆုံးရသကဲ့သို့ သူမ၏ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း နယ်ချဲ့ဗြိတိသျှလူမျိုးတို့၏ သစ္စာခံ အလိုတော်ရိဖြစ်သူ၏ စီစဉ်လုပ်ကြံခြင်းအား ခံခဲ့ရသဖြင့် နယ်ချဲ့စနက် လုံးဝ ကင်းလွတ်မည်ဟု မြန်မာအမျိုးသားများ မယုံကြည်ခဲ့ပေ။

မြန်မာလူမျိုးတို့သည် မြန်မာပြည်အား သိမ်းပိုက်ကျွန်ပြုခဲ့သည့် နယ်ချဲ့ဗြိတိသျှတို့အား နာကျင်စိတ် ရှိခဲ့သည်။ နယ်ချဲ့တို့အား မယုံကြည်ခဲ့။

မြန်မာတို့သည် နယ်ချဲ့ဗြိတိသျှတို့၏ ပရိယာယ်ဖြင့် နှိပ်ကွပ်ညှဉ်းပန်းမှုအား ခံစားခဲ့ရသလို ဖက်ဆစ်တို့၏ ကြမ်းတမ်းရက်စက်မှုအားလည်း ခံစားခဲ့ရသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



[၂]

သို့သော် စာရေးသူကမူ ဤအဖြစ်အား သမိုင်းဖြစ်စဉ် တစ်ခုအဖြစ် တင်ပြရသော်လည်း ပုဂ္ဂိုလ်ရေးအရ အပြစ်မမြင် ပါ။ သည်အဖြစ်ကြောင့် သူမအား အပြစ်ဆိုပိုင်းပယ်ရန် မတိုက် တွန်းပါ။

ဘာသာတရားနှင့်ကြည့်လျှင် သူသည် ဖြစ်ချိန်တန်လျှင် ဖြစ်စမြဲပင်။ မိရိုးဖလာဘာသာတရားနှင့် သုံးသပ်ကြည့်လျှင် အတိတ်၏ နားလည်မိသည်။

ဗုဒ္ဓ၏ နှစဉ်ကာလဖြစ်စဉ် (၅၅၀ နိပါတ်) များတွင် အဆိုးပေါင်းများစွာ ကြုံတွေ့ခဲ့ရ၏။ ဘာသာရေးအမြင်နှင့်ကြည့် လျှင် အပြစ်ရှိသည်ဟု ပုံချစရာမရှိ။

ခွင့်လွှတ်နိုင်ရမည် ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် တစ်ခါတစ်ရံ မိမိကိုယ်တိုင် သူမ ချမ်းမြေ့ဖွယ်မိသားစုဘဝအား ဥပေက္ခာပြု၍ မြန်မာနိုင်



www.burmeseclassic.com

www.burmeseclassic.com


ရေးလောက၊ ဒီမိုကရေစီတိုက်ပွဲတွင် နှစ်မြုပ်ထားခြင်းသည် ဖခင်၏စိတ်ဓါတ်နှင့်မြန်မာနိုင်ငံဒီမိုကရေစီနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝံ့ထယ်စွာ ရပ်တည်နိုင်ရန် ကြိုးစားနေခြင်းဖြစ်ဝန်ခံလိုပါသည်။


www.burmeseclassic.com

www.burmeseclassic.com



သူမက-

“ကျွန်မဟာ အကြောင်းကြောင်းကြောင့် တိုင်းတစ်ပါးမှာ အခြေချနေထိုင်ခဲ့ရသူ ဖြစ်တယ်။ နိုင်ငံခြားမှာ အနေကြာလို့ နိုင်ငံခြားသားနဲ့ အကြောင်းပါရတာပါ။ ကျွန်မသာ ဒီမြို့မှာ အနေကြာရင် ဒီမြို့သားနဲ့ အကြောင်းပါမှာပါ”

ဟု ဖြေခဲ့ကြောင်း ကြားသိခဲ့ရသည်။

ထို့အတူ သူမ၏အတ္ထုပ္ပတ္တိအား ရိုက်ကူးထားသည့် ‘The Lady’ ရုပ်ရှင်ကားၣ်လည်း သူမသည် သူမ၏အိမ်ထောင်ရေးနှင့်ပတ်သက်၍ နိုင်ငံရပ်ခြားတွင် အနေကြာသဖြင့် နိုင်ငံခြားသားနှင့်အကြောင်းပါခဲ့ရပါသည်ဟု ဖြေရှင်းသည်ကို ကြည့်ရှုခဲ့ရ၏။

ထို့ကြောင့် အချို့က သူမအား ‘မိုးကြိုးလက် ထန်းလက်နှင့်ကာသူ’ ဟု ဆိုကြ၏။

မိမိကမူ သူမအား အပြစ်မမြင်မိပါ။ ယထာဘူတကျစွာ စဉ်းစားရလျှင် နိုင်ငံရပ်ခြားတွင် အနေကြာသူဖြစ်သဖြင့် နိုင်ငံခြားသားနှင့် အကြောင်းပါသည်ဟူသော ဖြေရှင်းချက်သည် အမှားဟု မဆိုသာပါ။

မြန်မာစကားတွင် ‘အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ’ ဟုရှိသလို ချစ်ခြင်းမေတ္တာ



www.burmeseclassic.com

www.burmeseclassic.com


သဘောအရ နီးစပ်မှုသည် ချစ်ခြင်းကို ဖြစ်စေသည်ဟူသည့် ညွှန်းဆိုချက်ကိုလည်း မမေ့သင့်ပါ။

ထို့အတူ သူမနှင့်မိုက်ကယ်အဲရစ် အကြောင်းပါသည်မှာ ၁၉၇၂ ခုနှစ် ဖြစ်သည်။ သူမသည် ၁၉၄၅ ခုနှစ်ဖွားဖြစ်သဖြင့် သူမနှင့်မိုက်ကယ်အဲရစ် အကြောင်းပါစဉ်က သူမအသက်သည် ၂၄ နှစ်၊ ၂၅ နှစ်သာ ရှိသေး၏။

ထို့အတူ ယင်းအချိန်က သူမသည် မိဘနှစ်ပါး၏ အုပ်ထိန်းမှုအောက်တွင် ရှိမနေဘဲ ကိုယ့်လမ်းကိုယ်တွင်၊ ကိုယ့်ဘဝတိုးတက်ရေး ကိုယ် ရှာနေရချိန် ဖြစ်၏။

ယင်းကဲ့သို့ပင် သူမဘဝအား လေ့လာလျှင် သူမဘဝသည် မိဘနှစ်ပါး၏ ကြင်နာမှုအပြည့်အဝ မရရှိသူ။ လူမမယ်ဘဝတွင် ဖခင်ဆုံးပါးရသူဖြစ်သဖြင့် စိတ်သဘာဝအရ အားငယ်စိတ်ရှိနိုင်သည်။

ဖခင်၊ မိခင်တို့၏ ကြင်နာယုယမှုအား အပြည့်အဝ မရရှိခဲ့သဖြင့် ကဗျာဆန်ဆန်ပြောရလျှင် မေတ္တာ၊ ကြင်နာမှု ငတ်မွတ်နေသူ ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com



[၄]

အောင်ဆန်းစုကြည်၏ မေတ္တာအကြောင်း၊ အိမ်ထောင်မှုရေးရာအား လေ့လာလျှင် သူမ တစ်ဖက်တည်း လေ့လာ၍မရ။ သူမနှင့်ပတ်သက်သည့် သူမ၏ချစ်သူ၊ သူမ၏ခင်ပွန်းဖြစ်သူ၏ စရိုက်သဘာဝကိုလည်း လေ့လာရမည်ဖြစ်၏။

သူမ၏ခင်ပွန်းဖြစ်သည့် မိုက်ကယ်အဲရစ်၊ ဗြိတိသျှလူမျိုးဖြစ်ပြီး ဒေါက်တာဘွဲ့ရထားသူ။ အောက်စဖို့တက္ကသိုလ်မှ ပညာရှင်တစ်ဦး ဖြစ်၏။

ဒေါက်တာမိုက်ကယ်အဲရစ်သည် မြောက်ပိုင်းဗုဒ္ဓဘာသာ (မဟာယာန) ၏ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာသမိုင်းကြောင်းအား အထူးပြုလေ့လာနေသူတစ်ဦး ဖြစ်၏။

ထို့အတူ မိုက်ကယ်အဲရစ်က ထိုဘာသာရပ်နှင့်ဆိုင်သည့် စာအုပ်စာတမ်းများ ပြုစုနေသူဖြစ်၏။

သူမသည်လည်း အောက်စဖို့တက္ကသိုလ်ထွက်၊ ဒေါက်တာမိုက်ကယ်အဲရစ်သည်လည်း အောက်စဖို့တက္ကသိုလ်မှ ပညာရှင်တစ်ဦးဖြစ်သည့်အတွက် ဒီမှာတွေ့၍ သည်မှာ နီးစပ်ခဲ့ပုံရသည်။

ဒေါက်တာမိုက်ကယ်အဲရစ်သည် သွယ်သွယ်လျလျရှိပြီး ကြင်နာတတ်သူ၊ အနုပညာခံစားသူ၏ အသွင်သဏ္ဍာန်ရှိ၏။ ဘာသာရေးအယူဝါဒများနှင့် ထုံမွှမ်းနေသဖြင့် လူလူချင်း စာနာကြင်နာစိတ်ရှိပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမိုက်ကယ်အဲရစ်သည် ဗြိတိသျှလူမျိုးဖြစ်သော်လည်း သုတေသနသမားဖြစ်ပြီး ဘူတန်တွင် အနေများသူ။

ဒေါက်တာမိုက်ကယ်အဲရစ်သည် သူမနှင့်ခင်မင်ပြီး သူမနှင့် အနေနီးပြီး ခင်မင်သူလည်းဖြစ်ပုံရ၏။

သူမနှင့်မိုက်ကယ်အဲရစ်သည် အနေနီးပြီး ပညာရေးဘဝတိုးတက်ရေးနှင့်ပတ်သက်၍ နီးနှောတိုင်ပင်ဖက်လည်း ဖြစ်ပုံရ၏။

ယင်းသို့ဖြင့် သူတို့နှစ်ဦး ချစ်သူဘဝ၊ အိမ်ထောင်သည်ဘဝသို့ ရောက်သွားခဲ့ပုံရသည်။

ဆိုရလျှင် သူမသည် အောင်ဆန်းမျိုးဆက်သမိုင်းဝင်တစ်ဦးဖြစ်သဖြင့် ယခုကဲ့သို့ အိမ်ထောင်ရေးဘဝ ပြောစရာအဖြစ်များ ဖြစ်ခဲ့ခြင်းပင်။

သူမသည် သာမန်ပြည်သူတစ်ဦးဆိုလျှင် ပြဿနာရှိမည်မဟုတ်။

ဖခင်၊ မိခင်ကလည်း မြန်မာပြည်တွင် သူမနှင့်ပတ်သက်၍ အိမ်ထောင်ရေးနှင့်ပတ်သက်၍ အရေးတယူပြောကြသည်သိပ်မရှိ။ ယခု အောင်ဆန်းစုကြည် နိုင်ငံရေးလောကတွင်းသို့ရောက်လာမှ ဝေဖန်ထိုးနှက်ချက်များ ရှိလာခဲ့ခြင်းဖြစ်သည်။

ဒါကလည်း သူမ နိုင်ငံရေးလောကတွင်းသို့ ရောက်ရှိလာပြီး သူမနှင့်ယှဉ်တွဲကာ မြန်မာနိုင်ငံရေးအား ဝင်ရောက်စွက်ဖက်ခြယ်လှယ်လာမည်ကို စိုးရိမ်သောကြောင့် ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com


ယခုအခါတွင် ထိုအကြောင်းတွေက အတိတ်တွင် ကျန်ခဲ့ပြီ။ မိုက်ကယ်အဲရစ်သည်လည်း မရှိတော့။

အပြစ်တင်ခြင်းသည် ဆင်းရဲခြင်း ဖြစ်သည်။

အနာဂတ်လှပစေရေးအတွက် မေ့သင့်သည်ကို မေ့ရပေမည်။

[၅]

ယခုအခါတွင် သူမသည် မြန်မာနိုင်ငံအား ခေတ်မီတိုးတက်သည့်ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသူ ဖြစ်သည်။

သူမသည် အောင်ဆန်းမျိုးဆက်၏ အထင်ကရတစ်ဦးဖြစ်သဖြင့် သူ့တွင် မျိုးရိုးဂုဏ်၊ ဇာတိဂုဏ်ဖျက်မည့်သူ မဟုတ်နိုင်။ ဇာတိပုညဂုဏ်မာနနှင့် တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးနိုင်ရန် ကြိုးစားနေသူ ဖြစ်၏။

သူမက 'အဖေကိုယ်ပွား၊ အမေ့ကိုယ်စား' ရပ်တည်နေသည့်သမီးရတနာဖြစ်သလို ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူ၏ စိတ်ဆန္ဒအတိုင်း မညာတတ် ကြီးအဖြစ် လောကအလယ်၌ ဝံ့ထည်စွာ ရပ်တည်နေနိုင်ရန် မဆုတ်မနစ် ဇွဲနှင့် ကြိုးစားခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ပညာရေးကြိုးပမ်းမှုကဏ္ဍအား သုံးသပ်ကြည့်လျှင် ပညာရေးအတွက် မမောတမ်းခရီးနှင်ခဲ့သူ ဖြစ်သည်။

အိမ်ထောင်သည်ဘဝ မရောက်မီက ကိုယ့်ဒူးကိုယ်ချွန် ကိုယ့်အလုပ် ကိုယ်လုပ်ပြီး ပညာရေးနှင့် ဘဝတက်လမ်း ရှာခဲ့သည်။

သူမသည် အိမ်ထောင်သည်ဘဝသို့ ရောက်ခဲ့သည့် နောက်ပိုင်း ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးသုတေသနလုပ်ငန်းများ အလုပ်မပျက်ခဲ့။

သူမသည် ၁၉၇၂ ခုနှစ်၌ အိမ်ထောင်ကျပြီး ၁၉၇၂ ခုနှစ်၊ ၁၉၇၃ ခုနှစ်အတွင်း ဘူတန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် သုတေသနအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၅ မှ ၁၉၇၇ ခုနှစ်တွင် အောက်စဖို့တက္ကသိုလ်၊ ကော့ဒလီယန်စာကြည့်တိုက်၌ မြန်မာစာအုပ်နှင့် ပေစာပုရပိုက်များကတ်တလောက် ပြုစုသူပညာရှင်အဖြစ် တာဝန်ထမ်းဆောင်သည်။

ထို့အတူ ၁၉၈၅ မှ ၁၉၈၆ တွင်မူ ဂျပန်နိုင်ငံ၊ ကျိုတိုတက္ကသိုလ် အရှေ့တောင်အာရှဆိုင်ရာ လေ့လာရေးဌာန၌ သုတေသနပညာရှင်အဖြစ် သွားရောက်သုတေသနပြုခဲ့၏။

သူမ၏ကြိုးစားစွမ်းဆောင်မှုများအား ပညာရှာမှီမှုများက 'ပညာလို အိုသည်မရှိ' ဆိုသောစကားနှယ် ဖြစ်နေသည်။

အတုယူဖွယ်လည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။

သူမသည် ၁၉၈၇ ခုနှစ်၌ အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့ရှိ အထူးလေ့လာသုတေသနပြုရေး အိန္ဒိယသိပ္ပံ၌ဒါန၌ သုတေသန ပညာရှင်အဖြစ် သွားရောက်သုတေသနပြုပေးသူ။

ယင်းကဲ့သို့ပင် ထိုနှစ် ၁၉၈၇ ခုနှစ်၌ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးဌာနသို့ တင်သွင်းရန် ဘွဲ့လွန်စာတမ်းတစ်စောင်အား သူမ ပြုစုခဲ့သည်။

ယင်းစာတမ်းအမည်မှာ-

'၁၉၃၀၊ ၁၉၄၀ ခုနှစ်အတွင်း မြန်မာစာပေတွင်
ရိုးရာအစဉ်အလာသစ် ဖြစ်ပေါ်ထွန်းကားမှုများ
နှင့် အမျိုးသားဝါဒ'

ဟု ဖြစ်သည်။

---

သို့သော် သူမသည် လူငယ်ပီပီ ငယ်ရွယ် စဉ်အခါက နှလုံးသားရေးရာနှင့်ပတ်သက်၍ အတွေးမှားကောင်း မှားနိုင်မည်။

ပညာရေးရာကိစ္စ၌မူ သူမသည် စွမ်းဆောင်ရည်မြင့်မား သူ၊ ဖွံ့လုံ့လ ဝီရိယပြည့်စုံပြီး အောင်မြင်မှုများစွာရခဲ့သူဖြစ်သည် ကိုမူ အားလုံးအသိဖြစ်သည်။

သို့သော် သူမဘဝတွင် ဝမ်းနည်းဖွယ်အဖြစ်တစ်ခုကိုမူ မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်၏။ အခြားမဟုတ်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့ခဲ့၊ ခံစားခဲ့ရသည့်အိမ်ထောင်ရေးကြောင့် မြန်မာနိုင်ငံ၏ အစဉ်အလာကြီးသည့် ဗိုလ်မင်းရောင်၊ အောင်ဆန်း၏ အနှိုင်းမဲ့ ဂုဏ်ဝင်မျိုးဆက်ရေးရာကိစ္စတွင်မူ သူမ၏သားများအား အမျိုးသားရေးဝါဒခံယူကျင့်သုံးသည့် မြန်မာလူမျိုးများအလယ်တွင်မူ ဝံ့ထည်နိုင်ခြင်းရှိမည်မဟုတ်။

မြန်မာ တစ်မျိုးသားလုံးကလည်း လက်ခံလာဖွယ် မရှိခြင်းပင် ဖြစ်သတည်း။

■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၄။
ဒေါ်အောင်ဆန်းစုကြည်
သို့မဟုတ်
တာဝန်ကျေသူ၊ သမိုင်းဂုဏ်ရည်
မြင့်မားသူ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည် ရှားဟစ် ဘနာဇီရာဘူတို ဒီမိုကရေစီဆု လက်ခံရယူ

www.burmeseclassic.com

www.burmeseclassic.com

[၁]

သူမသည် ရည်မှန်းချက်ပန်းတိုင်ဆီသို့ မဆုတ်မနစ် ဖွဲ့သတ္တိအပြည့်နှင့် အရောက်လှမ်းနိုင်သည့် ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏စိတ်ဓာတ်၊ စိတ်မြတ် ပူးကပ်ခံယူနေသကဲ့သို့ ကြင်နာယုယမှုနှင့် အားငယ်နေသူအား အားဖြည့်ပံ့ပိုးကူညီပေးနိုင်ရန် စွမ်းဆောင်ရည်မြင့်မားသည့် မိခင်၏ **သူနာပြုနှလုံးသား** ပူးကပ်ခံနေသူလည်း ဖြစ်သည်။

သူမသည် မြန်မာအမျိုးသမီးပီသစွာ ခင်ပွန်းသည်၏တာဝန်၊ သားသမီးများတာဝန်အား ကျေပွန်သူဖြစ်သကဲ့သို့ ပညာရေးဘဝ တိုးတက်ရေးအတွက်လည်း ဦးလည်မသုန် တာဝန်ကျေခဲ့၏။

သူမဘဝတွင် မိသားစုဘဝပျော်ရွှင်မှု၊ ပညာရေးခရီးလမ်းဖြောင့်တန်းအောင်မြင်မှုသည် အဓိကအဖြစ် ရပ်တည်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဘဝပျော်ရွှင်ရေး၊ ပညာရေးဘဝတိုးတက်မြင့်မား ရေးအတွက်မှလွဲ၍ ဘာမှစိတ်ဝင်စားမှုမရှိခဲ့သူဟုလည်း ပြောနိုင် သည်။

ချီးသည်၊ ခါးသည် ဝေဖန်သည်ကိုလည်း မကြားခဲ့ရ

"သူဟာ သူ့အကျိုးစီးပွားနဲ့ သူ့မိသားစုဘဝ
အရေးသာ အဓိကထားသူဖြစ်တယ်"

ဟု သူ့အား ဝေဖန်ခဲ့ကြခြင်း ဖြစ်သည်။

သို့သော် သူမ၏ မိခင်ဖြစ်သည့် ဗိုလ်ချုပ်ကတော်ဒေါ်ခင် ကြည် နာမကျန်းဖြစ်တော့ သူမချစ်သည့် ခင်ပွန်းနှင့်သားသမီး များ ပညာရေးကိစ္စအားလုံးအား ဥပေက္ခာပြုခဲ့သည်။

မိခင်ထံပါးသို့ အရောက်လာခဲ့သည်။ မိခင်ဖြစ်သူအနားမှ တစ်ဖဝါးမှမခွာဘဲ မိခင်အတွက် နေ့မနား ညမနား ပြုစုခဲ့သည်။

မိသားစုဘဝ၊ အလုပ်တာဝန်ဟူသမျှအားလည်း ဥပေက္ခာ ပြုခဲ့သည်။ သူမအတွက် မိခင်ကျန်းမာရေးနှင့်ပတ်သက်၍မှအပ ဘာဆိုဘာမျှလည်း စိတ်ဝင်စားမှုမရှိတော့။

[၂]

သူမသည် ဖခင် ဆုံးပါးစဉ်က လူမမယ်အရွယ် ဖြစ်၏။ ငယ်ရွယ်သည့်ကလေးအရွယ်ဖြစ်သဖြင့် ဝမ်းနည်းခြင်း၊ ဝမ်းသာ ခြင်းဟူသမျှအားလည်း ဘာမျှပိုင်ပိုင်မသိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အသိဉာဏ်ပညာကြွယ်၍ ကိုယ်တိုင်သားသည် မိခင်ဖြစ်လာ၍လားမသိ မိဘတန်ဖိုးအား သိလာခဲ့သည်။ အထူးသဖြင့် ဖခင်ဆုံးပါးသွားပြီးသည့်နောက် မိခင်ဖြစ်သူ၏ ပြုစုယုယမှုနှင့် ကြီးပြင်းလာရသူဖြစ်သဖြင့် မိခင်တန်ဖိုးအား သိရှိခဲ့သလို မိခင်အတွက် စိုးရိမ်စိတ်ပိုခဲ့သဖြင့် မိခင်အနားမှ တစ်ဖဝါးမခွာ ပြုစုနေခြင်းဖြစ်သည်။

သူမသည် မိခင်အား အားထားသလို မိခင်ဖြစ်သူက 'ဒါမှ ငါ့သမီး' ဟု ချီးကျူးစကားဆိုသည်ကိုလည်း ကြားလိုသူဖြစ်၏။ မိခင် စိတ်ချမ်းမသာမှုမှန်သမျှအားလည်း စီစဉ်ဆောင်ရွက်ချက်တစ်ခုဖြစ်သည့် သားနှစ်ဦးအား သာသနာ့ဘောင်တွင်းသို့ သွတ်သွင်းပေးပြီး ရှင်သာမဏေအဖြစ် စီစဉ်ဆောင်ရွက်ပေး၍ မိခင်ကြီးအား ရေစက်ချအမျှပေးသာဓုခေါ်စေခဲ့သည်။

ထိုစဉ်က သူမ၏ ရှင်ပြုပွဲအကြောင်းအား 'ပေဖူးလွှာ' မဂ္ဂဇင်း၌ တခမ်းတနား ရေးသားဖော်ပြပေးခဲ့၏။

> မစုလေး မြန်မာပြည်နဲ့ ဝေးနေပေမယ့် သမီးကောင်း ပီသပါတယ်။ မိရိုးဖလာဘာသာယဉ်ကျေးမှုမှာ တာဝန်ကျေတာပဲ။ သူ့ခင်ပွန်း မိုက်ကယ်အဲရစ်ကလည်း အင်္ဂလိပ်ကြီးဖြစ်ပေမယ့် ဗမာအဝတ်ကြီးဝတ်ထားတာ တွေ့ရတော့ ပျော်စရာပဲ၊ ဒီအင်္ဂလိပ်ကြီး မဆိုးပါဘူး"

ဟု ပြည်သူများ ဝေဖန်ပြောဆိုကြသည်ကို သူမ သိချင်မှ



www.burmeseclassic.com

www.burmeseclassic.com



သိမည်။

မည်သို့ပင်ဆိုစေ မြန်မာပြည်သူများအနေနှင့် သူမအား မိရိုးဖလာ ဗုဒ္ဓဘာသာ၏ပီသသူ၊ ဘာသာမစွန့်သူ၊ အမျိုးကောင်းသမီးအဖြစ် ခံယူနားလည်ပေးခဲ့ကြသလို သူမခင်ပွန်းဒေါက်တာမိုက်ကယ်အဲရစ်အားလည်း နားလည်မှုရှိသူအဖြစ် နားလည်ခဲ့ကြ၏။

"သူဟာ ဗိုလ်ချုပ်သမီးဖြစ်ပြီး နယ်ချဲ့အင်္ဂလိပ်
လူမျိုးကို ရတာ ရှေးဝဋ်ကြွေးလည်း ဖြစ်ရင်
ဖြစ်မှာပါ"

ဟု ဘာသာရေးအမြင်နှင့် သူ့အား အပြစ်မမြင်ခဲ့ကြပါ။ ထို့အတူ သမီးကောင်းရတနာအဖြစ်ပင် သူမအား ချီးမွမ်း ထောပနာပြုခဲ့ကြသည်ကို သူမ သိစေချင်သည်။

ဤကား ဘာသာတရားအပေါ် အလေးထားခြင်း၊ မိဘအပေါ် တာဝန်ကျေပွန်စွာ စေတနာနှင့် အနာခံစွန့်လွှတ်ခြင်းဖြင့် ပြုစုယုယမှုပေးခဲ့သည့် အကျိုးရလာဒ်ဖြစ်သည်။

[၃]

သူမသည် ဖအေတူသမီး ဖြစ်၏။ ထို့ကြောင့် ဗိုလ်ချုပ်အား ချစ်မြတ်နိုးသည့် ဖနီးသည်ဒေါ်ခင်ကြည်သည် သမီးငယ်ကလေး အောင်ဆန်းစုကြည်အား အချစ်ပိုခဲ့သည်။ သူမကိုယ်တိုင်ကလည်း မိခင်ဖြစ်သူနှင့် လက်ပွန်းတတီးနေရသူ



www.burmeseclassic.com

www.burmeseclassic.com


မိခင်ဖြစ်သူ၏ မေတ္တာရိပ်နှင့် အနီးကပ် သွန်သင်ဆုံးမမှုအား ခံစားခဲ့ရသူဖြစ်သဖြင့် မိခင်ကြီးအား အလေးထား ချစ်မြတ်နိုး ခဲ့၏။

အမှန်စင်စစ် ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်က သူမ အပေါ် ဖတဆိုးသမီးကလေးအဖြစ် အချစ်ပိုခဲ့သလို လင် ယောကျ်ား မရှိတော့သော်လည်း သားသမီးတို့အပေါ် ယုယ ကြင်နာပြီး တာဝန်ကျေသည့်မိခင်ဖြစ်သဖြင့် အလေးထားအချစ် ပိုခဲ့သည်ဟုဆိုလျှင် မမှားနိုင်ပါ။

သို့အတွက် သူမသည် မိခင်အပါးတွင် တစ်ဖဝါးမကွာ နေထိုင်ပြီး မိခင်ကြီးကျန်းမာရေးအတွက် ပြုစုပေးခဲ့သည်။ သို့ သော် ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်သည် ဇရာမရဏာကို မလွန် ဆန်နိုင်သည့်လူသားတစ်ဦးပီပီ ချစ်လှစွာသည့် သမီးဖြစ်သူ၏ ပြုစုယုယမှုကိုခံယူရင်း ကွယ်လွန်ခဲ့ပြီ။

ဒေါ်ခင်ကြည်အဖို့ သဘာဝတရားအရ မလွန်ဆန်နိုင် သည့် သေခြင်းတရားနှင့်အညီ သေဆုံးရခြင်းဖြစ်သော်လည်း ဖခင်မရှိသည့်နောက် တစ်ဦးတည်းသော အလင်းရောင်နှင့် မိခင် ဆုံးပါးရသည်မှာ ဖြေမဆည်နိုင်စရာတည်း။

မှန်သည်။ သူမ အတွက် မိခင်၊ ဖခင် နှစ်ဦးစလုံး ဆုံးပါးခဲ့ရပြီ။ ဤကား နေလနှစ်ပါး ကွယ်ပျောက်ခြင်းဟုဆိုလျှင် မမှားပါ။

■


www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ - မိုးကေ

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည် နှင့် ထိုင်းဝန်ကြီးချုပ်
ယင်လက်ခ်ရှင်နာဝပ်ထရာတို့ ထိုင်းနိုင်ငံ သံအမတ်ကြီး
နေအိမ်၌ တွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (နှစ်)

ဒေါ်အောင်ဆန်းစုကြည်၏
နှင့်
နိုင်ငံရေးဘဝ


www.burmeseclassic.com

www.burmeseclassic.com

၁။
ဒေါ်အောင်ဆန်းစုကြည်၏
၈၈ နိုင်ငံရေးဘဝနိဒါန်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

နိုင်ငံသမိုင်းတွင်ဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ သမိုင်းစဉ်၌ဖြစ်စေ အထင်ကရ အမှတ်တရဖြစ်စေသည့် မမေ့နိုင်စရာအဖြစ်များလည်း ရှိခဲ့သည်ချည်းဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းအားကြည့်လျှင် ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအား ကိုလိုနီပြုသိမ်းယူခဲ့သည်။ မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးခဲ့သည်။

ထီးကျိုးစည်ပေါက် ပြည်ပျောက်ခဲ့ရုံမက မြန်မာတစ်မျိုးသားလုံး ကျွန်အောက်မှ သဘောက်ဘဝသို့ ရောက်ခဲ့သည်။

၁၉၄၇ ခုနှစ်၌ မြန်မာ့နိုင်ငံ၏ လူထုခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ၊ နယ်ချဲ့လက်ပါးစေ မသမာသူတို့လက်ချက်နှင့် ကျဆုံးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၈ ခုနှစ် မြန်မာပြည်သူအားလုံး ကျွန်ဘဝမှ လွတ်မြောက်၍ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဤကား မြန်မာနိုင်ငံအတွက် အထင်ကရ အမှတ်တရ ဖြစ်စရာနှစ်များဖြစ်သည်မဟုတ်လော။

[၂]

သူမဘဝသမိုင်းအား သုံးသပ်လေ့လာကြည့်လျှင် ၁၉၈၈ ခုနှစ်သည် သူမအတွက် အထင်ကရ အမှတ်တရဖြစ်စရာနှစ်ဟု ဆိုရမည်။

အဘယ်ကြောင့်ဆိုသော် ၁၉၈၈ ခုနှစ်တွင် သူမ၏ဘဝအတွက် အရိပ်အာဝါသ ပြည့်စုံမှု၊ ကြင်နာယုယပံ့ပိုးမှုပေးခဲ့သည့် ချစ်လှစွာသော မိခင်ကြီးဒေါ်ခင်ကြည် ကွယ်လွန်အနိစ္စရောက်ခဲ့သလို သူမ၏ လက်တွေ့နိုင်ငံရေးဘဝ နိဒါန်းစခဲ့သောကြောင့် ဖြစ်သည်။

ထို့အတူ ထို ၁၉၈၈ ခုနှစ်သည် သူမ၏ဘဝအတွက် ကြေကွဲဝမ်းနည်းဖွယ်၊ ယူကျုံးမရဖြစ်ရသည့်အဖြစ်နှင့် အမှတ်တရ ဖြစ်ခဲ့သလို ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များရယူပေးခဲ့သည့် လွတ်လပ်ရေးအစွန့်ရှည်ရေးနှင့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံအား ခေတ်မီဖွံ့ဖြိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ် ဖြစ်တည်နိုင်ရေးအား ကြိုးပမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ခွင့်ရခဲ့သည်မဟုတ်လား။

ယင်းသမို့ သူမအတွက် အကောင်းအဆိုး ဒွန်တွဲအမှတ်ရစေသောနှစ်ဟု ဆိုရမည်ပင်။

အဘယ့်ကြောင့်၊ ဘာကြောင့် သူမ နိုင်ငံရေးစင်မြင့်ဆီသို့ရောက်ခဲ့သည်ဖြစ်စေ သူမသည် လူထုအားပေးခံခဲ့ရသူ ဖြစ်၏။ သူမအား ပြည်သူလူထုအားပေးကြသည်မှာ ကြိုဆိုကြသည်မှာ ဗိုလ်ချုပ်၏သမီးဖြစ်သောကြောင့်ဟု မိမိ ပြောခဲ့ဖူးသည်။

မှန်သည်။

ဗိုလ်ချုပ်သည် မြန်မာနိုင်ငံအတွက် အန္တိမ်းမဲ့ပုဂ္ဂိုလ်ပင်။ လူထုခေါင်းဆောင် တပ်မတော်ဖခင်၊ လွတ်လပ်ရေးဗိသုကာ ဖြစ်သဖြင့် ပြည်သူလူထုက အကြွင်းမဲ့ လေးစားကြည်ညိုကြသည်။

ယင်းသို့ ပြည်သူတစ်ရပ်လုံး လေးစားကြည်ညိုခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏သမီးအဖြစ် သူမအား သိထားသဖြင့် ပုဂ္ဂိုလ်မင်း၍ တရားဝင်ဆိုသော မြန်မာစကားနှင့်အညီ သူမအား တခဲနက် အားပေးထောက်ခံကြခြင်း ဖြစ်သည်။

ယင်းသို့ အားပေးထောက်ခံကြသဖြင့် သူမ ပို၍ သတိထားရမည် ဖြစ်သည်။ တာဝန်ပိုကြီးလာပြီဟုလည်း သူမ နားလည်ရမည် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ လွတ်လပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် တိုင်းရင်းသား ချစ်ကြည်ရင်းနှီးညီညွတ်ရေးအတွက် အသက်ပေး တာဝန်ကျေသွားသူဖြစ်သောကြောင့်တည်း။

ထိုစဉ်အချိန်က အခြေအနေကိုကြည့်လျှင် လူအများ၏ စိတ်တွင် အထွေထွေ မကျေနပ်မှုများကြောင့် အရိုင်းဆန်နေကြ၏။

လုယက်၊ ခေါင်းဖြတ်၊ ဂိုဒေါင်ဖောက်၊ မီးရှို့နှင့် အုပ်ချုပ်ရေးကင်းမဲ့ကာ ပြည်သူလူထုများစွာ တထိတ်ထိတ်ဖြစ်နေချိန်ပင်။

ထိုအချိန်မျိုးတွင် မြန်မာလူမျိုးများ ကျွန်ဘဝက လွတ်မြောက်အောင် လွတ်လပ်သော မြန်မာနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝံ့ထည်စွာ ရပ်တည်နိုင်ရန် အသက်စွန့်ရယူပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ အောင်ဆန်းစုကြည် နိုင်ငံရေးစင်မြင့်ပေါ်သို့ ရောက်လာသဖြင့် ကမ္ဘာဦးသူ နေလတို့ မြင်ရလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည်။

"ဗိုလ်ချုပ်ဟာ ငါတို့လူမျိုး ကျွန်ဘဝ လွတ်မြောက်အောင် အချုပ်အခြာအာဏာပိုင်တဲ့နိုင်ငံ ဖြစ်အောင် စွမ်းဆောင်ကြိုးပမ်းလာခဲ့သလို ငါတို့ရဲ့ စိုးထိတ်မှု၊ ဒုက္ခသုက္ခတွေကို ဗိုလ်ချုပ် သမီးက ကူညီပေးလိမ့်မယ်။ ဒါဟာ မင်္ဂလာပဲ"

ဟု ပြည်သူထု အားကိုးတကြီးနှင့် မျှော်လင့်နေကြသည်ကို



www.burmeseclassic.com

www.burmeseclassic.com


သူမ သိပါစေ။ သူမ သိစေချင်ပါသည်။

[၃]

တစ်ခုရှိသည်က 'ဗဗ' ၏အရှိင်းဆန်မှုများသည် သူမ ပါဝင်လာပြီးသည့်နောက်ပိုင်း ပြောင်းလဲလာခဲ့သည်ကိုမူ အားလုံး အသိဖြစ်၏။

ယခင်ကထက် ရက်စက်မှု၊ အရိုင်းဆန်မှု၊ ပျက်စီးမှု နည်းသွားပြီး ဒီမိုကရေစီတောင်းဆိုမှုများ၊ သမဂ္ဂများ ပေါ်ပေါက်လာခဲ့ပေသည်။

ထိုအချိန်တွင် လမ်းပေါ်ထွက်အရေးဆိုဆန္ဒပြသူများရှိခဲ့သလို ရပ်ရွာအတွင်း ငြိမ်သက်စွာ စိုးရွံ့စိတ်ဖြင့် ရင်မောနေသူများစွာ ရှိခဲ့၏။

ဆန္ဒပြသူဦးရေနှင့် မိမိရပ်ကွက်၊ လမ်းလုံခြုံမှုကိုယူပြီး စိုးတထိတ်ဖြစ်နေသည့် ဦးရေချိန်ကိုကြည့်လျှင် မည်သည့်အရေအတွက်က များသည်ကို သိပေလိမ့်မည်။

ရပ်ကွက်၊ လမ်းတွင်းရှိသည့် လူဦးရေက လမ်းပေါ်ထွက်သည့် လူဦးရေထက်များသည်ကို သူမ သိစေချင်သည်။ သိကောင်းသိမည်ဟုလည်း ထင်ပါသည်။

ထို့အတူ-

"ဒီမိုကရေစီ ချက်ချင်းပေး"

"ရရင်ရ၊ မရရင်ချ"


www.burmeseclassic.com

www.burmeseclassic.com



ဟူသောကြွေးကြော်သံများသည် ဒီမိုကရေစီ စံမမီသည့် ကြွေးကြော်သံဖြစ်ကြောင်း ဒီမိုကရေစီသိက္ခာအား ညှိုးမှိန်စေကြောင်း သူမ သိပါချိမ့်မည်။

ဒီမိုကရေစီသည် တောင်းယူရသည့်အရာလော။

ဒီမိုကရေစီအား 'ရှော့ယူ' ဟု ပေးရသလော။

ဒီမိုကရေစီဟူသည် ကျင့်စဉ်တစ်ခုဖြစ်ကြောင်း ဒီမိုကရေစီနှင့်အညီ ကျင့်ကြံနေထိုင်မှ ဒီမိုကရေစီ ရနိုင်မည်ဟု မည်သို့မျှ မပြောခဲ့ပါ။ ပြောသူလည်း မရှိခဲ့ပါ။ ပြောသံမကြားရပါ။

ထို့အတူ အချို့က ဒီမိုကရေစီဟူသည်မှာ လွတ်လပ်ခြင်းဟု သိကြသော်လည်း မြန်မာအတော်များများသည် လွတ်လပ်ခြင်းနှင့် စည်းကမ်းမဲ့ခြင်းကို ခွဲမသိကြပါ။

မိမိ မှတ်မိနေပါသေးသည်။

၈၈ ကာလက သူငယ်တစ်ဦးသည် ရပ်ရွာလုံခြုံရေးတာဝန်ယူနေရသည့် မိမိအနားသို့ ရောက်လာပြီး–

"ဆရာရယ်...ဒီကောင်ကို ကျွန်တော် မကျေနပ်ဘူး။ ဒီမိုကရေစီသာရလို့ကတော့ ဒီကောင်ကို အိမ်ပေါ်တက်ပြီး ဓားနဲ့ကိုခုတ်မယ်"

ဟုပြောသဖြင့်–

"ဟ...မင်း ဒီမိုကရေစီဆိုတာ ကျင့်စဉ်ကွ။ စည်းကမ်းရှိရမယ်။ ဥပဒေကို လေးစားလိုက်နာရမယ်။ မင်းလို ရမ်းကားသူတွေ ဒီမိုကရေစီ



www.burmeseclassic.com

www.burmeseclassic.com


အရသာကို မခံစားနိုင်ဘူး။ အေး…မင်း တေးနဲ့
တက်ခုတ်ရင် ပိုင်နက်ကျူးလွန်မှု၊ ဓားခုတ်မှုနဲ့
အဖမ်းခံရမယ်။ ထောင်ကျမယ်။ ဒါပဲ”

ဟုပြောလိုက်မှ သူ ငြိမ်သွားသည်။

* * *

'၈၈' ကာလတွင် စည်းကမ်းမဲ့ခြင်း၊ ရမ်းကားခြင်း စသည့်အရိုင်းဆန်သည့်အဖြစ်များ မင်းမူခဲ့သည်။

ထိုသူများသည် ဒီမိုကရေစီ၏ ကျင့်ကြံမှု၊ စည်းကမ်းရှိမှု၊ ညီညွတ်မှုအား မသိကြ။ စည်းကမ်းမဲ့မှု၊ ရမ်းကားမှု၊ မင်းမူစိုးမိုးနေသူများအတွက် ဒီမိုကရေစီသည် အဘယ်မှာ ရှိလာနိုင်မည်နည်း။

ဥပမာပြရလျှင် ဒီမိုကရေစီဟူသည် ကြာပန်းဖြူဖြူအား ညစ်ပတ်ပေရေနေသည့်လက်ကြမ်းကြီးနှင့် ဖျစ်ညှစ်ဆုပ်ကိုင်ရန် ကြိုးစားနေသည်နှင့်သာ တူပေလိမ့်မည်။

မည်သို့ဆိုစေ '၈၈'၏ အရိုင်းဆန် စည်းကမ်းမဲ့မှု၊ ရမ်းကားမှုများသည် သူမကြောင့် ဒီမိုကရေစီအသံ ညိုးညှိုးညံခဲ့သည်ကိုလည်းကောင်း၊ ကိုဒေါင်ဖောက်၊ မီးရှို့၊ ခေါင်းဖြတ်၊ လူသတ်မှုများနှင့် အရိုင်းဆန်၊ ရက်စက်ခြင်းများမှ အစိုးရထံ ဒီမိုကရေစီပေးပါဟု တောင်းဆိုသံများ လွှမ်းမိုးခဲ့သည်ကိုလည်းကောင်း ငြင်းစရာမရှိပါ။


www.burmeseclassic.com

www.burmeseclassic.com


ထို့အတူ ဒီမိုကရေစီဟူသည့် ကြာပန်းဖြူဖြူအား ခူးခွတ်ရယူနိုင်ရန် မိမိလက်ကို သန့်ရှင်းစွာ ဆေးကြောရန်လိုသည်ဟု သူမ တိုက်တွန်းနှိုးဆော်မည်ဟုလည်း ယုံကြည်မိပါသည်။

ထိုသို့မဟုတ်ဘဲ ဒီမိုကရေစီဆိုသည့် ကြာပန်းဖြူအား လက်သန့်သန့်ဖြူဖြူနှင့် သိမ်မွေ့နူးညံ့စွာမယူဘဲ ညစ်ပတ်ပေကျံနေသော လက်ကြမ်းကြီးနှင့် ဖျစ်ညှစ်ဆုပ်ကိုင်ယူမည်ဆိုလျှင် ဒီမိုကရေစီအား ပိုင်ဆိုင်ရခြင်းမရှိဘဲ ကျိုးကျေပျက်စီးဆုံးရှုံးမှုနှင့် နိဂုံးချုပ်သွားမည်,

ဟု ထင်ပါသည်။

■


www.burmeseclassic.com

www.burmeseclassic.com

## ၂။
## ဒေါ်အောင်ဆန်းစုကြည်၏
## နိုင်ငံရေးနည်းဗျူဟာနှင့်
## မြန်မာနိုင်ငံနှင့်ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားဧည့်သည်နှင့် အောင်ဆန်းစုကြည်



www.burmeseclassic.com

www.burmeseclassic.com

[၁]

မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ ခပ်စိမ်းစိမ်းနေခဲ့သူ။ နိုင်ငံရပ်ခြား၌ မိမိဘဝတိုးတက်ရေးအတွက် ကြိုးစားခဲ့၊ ဗြိတိသျှ လင်တော်မောင်၏ အကူအညီနှင့် ဘဝတိုးတက်ရေး၊ ကြီးပွား တိုးတက်ရေးအတွက် ရှာနေခဲ့သူဖြစ်ကြောင်း မြန်မာနိုင်ငံအား မဝေဖန်ခဲ့သလို မြန်မာနိုင်ငံပြည်သူများအတွက်လည်း မစဉ်းစား ခဲ့သည်ကို မြန်မာပြည်သူအခဲတော်များများ သိကြသည်။

ထားတော့။ ဤကိစ္စသည် လူသားတစ်ဦးချင်း၏ ပုဂ္ဂလိကအကြောင်းပင်။ လူ့အခွင့်အရေးအမြင်နှင့်ကြည့်လျှင် သူ့လွတ်လပ်ခွင့် သူလုပ်ပိုင်ခွင့်ဖြစ်သဖြင့် မပြောလို။

လူတိုင်း မိမိတိုးတက်ရေးနှင့် မိမိစိတ်ချမ်းသာမှုဖြစ်အောင် အလုပ်ကိုလုပ်ကြသည်မှာ လူ့သဘာဝပင်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မြန်မာနိုင်ငံသို့ လာရောက်ခြင်းမရှိခဲ့။ ယုတ်စွအဆုံး ရုလိုင် (၁၉) အာဇာနည်နေ့များတွင် အခြားခြားသော ခေါင်းဆောင်များ၏ မိသားစုသားသမီးများအား တွေ့ရမြင်ရ သော်လည်း သူကမူ မြင်ရခဲသူ။

သူမ မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် သူမမိခင် ဗိုလ်ချုပ်ကတော် မကျန်းမာသဖြင့် လာရောက်ပြုစုသည်ဟု သိရသည်။ ယင်းသို့ လာရောက်ပြုစုရင်း 'ဂဂ' နှင့်ကြုံသည်။

ထိုထိုသောပုဂ္ဂိုလ်များနှင့် ယှဉ်တွဲကာ လူထုတရားပွဲ စင်မြင့်၌ တွေ့ရသည်။ ဗိုလ်ချုပ်သမီးဖြစ်သဖြင့် ပြည်သူတွေက အားပေးကြသည်။ ဒါလည်း မှဒိတာပွားရမည်ပင်။

ဗိုလ်ချုပ်သမီးသည် ဗိုလ်ချုပ်လို တိုင်းချစ်ပြည်ချစ် လူမျိုး စုပေါ် ချစ်ခင်စိတ်ရှိမည်ဆိုလျှင် ကျေနပ်စရာ၊ ဝမ်းမြောက်စရာ မင်္ဂလာ။

'ဂဂ' တွင် သူမ အင်တိုက်အားတိုက် ပါဝင်ခဲ့သည်။ ဒီမိုကရေစီဟု သူမ ဆိုခဲ့ပြောခဲ့သည်။ သူမက ဒီမိုကရေစီ·· ဒီမိုကရေစီဟု ပြောခဲ့ဟောခဲ့သလို သူနောက်ကလူတွေကလည်း ဒီမိုကရေစီ···ဒီမိုကရေစီနှင့် မိုးလုံးပြည့် ဆူညံနေသည်။

"ဒီမိုကရေစီ ချက်ချင်းပေး"

"ရရင်ရ၊ မရရင်ချ" တဲ့။

ဘုရား···ဘုရား···ကွယ်လွန်သူ နိုင်ငံရေးသမားကြီး တစ်ဦးက-



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာနိုင်ငံ အနာဂတ်က ရင်လေးစရာဖြစ်နေပြီ၊ ဒီမိုကရေစီအသံကြားတော့ ဒီမိုကရေစီလို့ လိုက်အော်တယ်။

ဒီကြားထဲ 'ရရင်ရ၊ မရရင်ချ' တဲ့။

ဟုပြောသည်။

မှန်ပေသည်။

ဒီမိုကရေစီအကြောင်း အသေအချာ လေ့လာကြည့်လျှင် ဒီမိုကရေစီသည် ကျင့်စဉ်တစ်ခုပင်။

အရင်းရှင်၊ ကွန်မြူနစ်၊ ဆိုရှယ်လစ် စသည့်စနစ်သုံးခုနှင့် ယှဉ်တွဲပေါပေါက်ကျင့်သုံးရသည့်ကျင့်စဉ်ပင်။ အသေအချာ သရုပ်ခွဲကြည့်လျှင် လူ့အခွင့်အရေး၏ အစိတ်အပိုင်းတစ်ခုဟု ဆိုရမည်။

လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့် ဟူသည် လူတစ်ဦး၊ လူတစ်စု၊ လူအများ၏အခွင့်အရေးများမှ ဒီမိုကရေစီဟု ဖွင့်ဆိုခြင်းဖြစ်လာသည်။

ဒီမိုကရေစီ၏အဓိပ္ပာယ်မှာ အများစု ဆုံးဖြတ်ရသည့် လွတ်လပ်မှုတမူ ဖြစ်သည်။ ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံတိုင်းတွင် အများစုဆုံးဖြတ်ပြီး သဘောတူခြင်းနှင့် ကိုယ်စားပြုတစ်ခု

www.burmeseclassic.com



အား ဆုံးဖြတ်ရသည်။

အဓိပ္ပာယ်အပြည့်အစုံမှာ အများစုဆုံးဖြတ်ရသည့် လွတ်လပ်မှုတမှု ဖြစ်သည်။

မိမိတို့ တစ်ခုတော့ စဉ်းစားရမည်။

အများစု သဘောတူဆုံးဖြတ်တိုင်း အမှန်ဟု ခေါ်ဆိုနိုင်သလား။ လွတ်လပ်မှုတမှုကို ရနိုင်သလား။

ဒါကို မိမိတို့ ချင့်ချိန်စဉ်းစားရန်လိုသည်။

ပြီးတော့ လွတ်လပ်မှုဆိုသည့်ကိစ္စ။

ဗိုလ်ချုပ်က ပြောဖူးသည်။ 'လွတ်လပ်ပြီဆိုပြီး လမ်းပေါ် ဆေးလှန်းတာ တွေ့ရတယ်။ ဒါဟာ လွတ်လပ်မှု မဟုတ်ဘူး။ လမ်းသွားလမ်းလာတွေကို နှောင့်ယှက်တာပဲ။ ဒါဟာ လွတ်လပ်မှုမဟုတ်ဘူး။ ရမ်းကားမှုလို့ ခေါ်တယ်' ဟု ဖြစ်သည်။

ပြီးတော့ ဗိုလ်ချုပ်က ပြောဖူး၏။

"လွတ်လပ်မှုဆိုတာ ကိုယ်လွတ်လပ်မှုက သူတစ်ပါးလွတ်လပ်မှုကို မထိပါးမှ လွတ်လပ်မှု အစစ်အမှန် ဖြစ်တယ်"

ဟု ဖြစ်သည်။

ဒီကနေ့ မြန်မာနိုင်ငံမှ ပုဂ္ဂိုလ်အတော်များများသည် လွတ်လပ်ခြင်းဟူ၍ အော်နေကြ၊ လုပ်ဆောင်နေကြသော် လည်း လွတ်လပ်မှုအစစ်လား၊ ရမ်းကားမှုလားဆိုသည်ကို ခွဲပုံမရ။

www.burmeseclassic.com

www.burmeseclassic.com



[၂]

သူမကမူ 'စည်းကမ်းရှိကြပါ၊ ညီညွတ်ကြပါ' ဟု ဆို၏။ သို့သော် ၈၈ အရေးအခင်းသည် ငြိမ်သက်ခြင်းမရှိ။

ထို့ကြောင့် တပ်မတော်က အာဏာသိမ်းခဲ့ရသည်။

စင်စစ် ဒါကလည်း မဆန်းချေ။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး ဖဆပလအဖွဲ့ချုပ်က နိုင်ငံတော်အာဏာယူသည်။ ထိုစဉ်က သမ္မတ မည်သူတွေ တာဝန်ယူခဲ့သည်၊ ဝန်ကြီးချုပ်ဘယ်သူဖြစ်သည်ကို သမိုင်းတွင် အထင်အရှား ရှိသည်။

အာဏာဆုပ်ကိုင်ထားသူတွေအား ဗုဒ္ဓဘာသာနိုင်ငံတော်ဘာသာဖြစ်ရေး မြန်မာလူမျိုးများ အကျိုးစီးပွားဟူသည့် ကြေညာချက်နှင့် မြန်မာလူမျိုးများအား ပေးခဲ့သည်။

သွင်းကုန်ထုတ်ကုန် လိုင်စင်များသည် လူမျိုးခြားတို့လက်ထဲရောက်ပြီး မြန်မာလူမျိုးတွေ တုံးအောက်ကဖားဘဝမှ မတက်ခဲ့။

ထို့အတူ လွတ်လပ်ရေးရပြီး နှလသုံးလအကြာ ကွန်မြူနစ်ပါတီ တောခိုပြီး ရောင်စုံသောင်းကျန်းမှု ပေါ်ပေါက်ခဲ့သည်။ 'ရန်ကုန်အစိုးရ' ဟု ခေါ်ဆိုသည့်အခြေအနေသို့ ရောက်ခဲ့သည်။

ထို့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် တပ်မတော်က နှိမ်နင်းရသည်။

သည်လိုနှင့် ၁၉၅၈ ခုနှစ်သို့ ရောက်ခဲ့သည်။

လွတ်လပ်ရေးရပြီး (၁၀) နှစ်ကြာတော့ ပင်ဒိုင်စာချုပ်



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်းကောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်လည်းကောင်း တောင်တန်းဒေသအရေးအဖြစ် ပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ပတ်သက်၍ ပြဿနာ ပေါ်လာသည်။

စင်စစ် ယင်းအရေးသည် စဉ်းစားရမည့်အရေး ဖြစ်သည်။ နယ်ချဲ့ဗြိတိသျှတို့သည် ဗိုလ်ချုပ်နှင့် 'အောင်ဆန်း အက်တလီ' စာချုပ် ချုပ်ဆိုစဉ်ကတည်းက တောင်တန်းဒေသအား ဗမာနှင့်တွဲ၍ လွတ်လပ်ရေးမပေးချင်။ တောင်တန်းဒေသ သူတို့လက်အောက်၌သာ ရှိစေချင်သည်ကို မြန်မာနိုင်ငံရေး သမိုင်း လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား လေ့လာသူတိုင်း သိကြမည် ဖြစ်၏။

ပင်လုံစာချုပ်နှင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်တည်ရေး၊ လွတ်လပ်ရေး၏အသက်ဖြစ်သည်ကို မမေ့သင့်။

ထို့ကြောင့် ဗိုလ်ချုပ်နှင့် တိုင်းရင်းသားခေါင်းဆောင်တို့သည် လောလောဆယ် လွတ်လပ်ရေးရဖို့အတွက် ညှိနှိုင်းတိုင်ပင်မှုတွေ ရှိနိုင်သည်။

လွတ်လပ်ရေးရပြီးမှ ညှိနှိုင်းကာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ဖြည့်စွက်ပြင်ဆင်ရန် စီစဉ်ခဲ့ပုံရ၏။

(၁၀) နှစ်အကြာဟူသည့်စကားရပ်သည် စဉ်းစားစရာ စကားရပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံလိုက်ရတော့ ပြဿနာတစ်ရပ် ဖြစ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံအား အုပ်ချုပ်ရေးတာဝန်ယူသည့် အစိုးရအဖွဲ့များက ထိုကိစ္စအား အရေးကြီးသည့်ကိစ္စမှန်း မသိကြသလော။ မေ့လျော့နေကြသလော။

ပြည်ထောင်စုမပြိုကွဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အရေးပါသည်ပင်။ သတိချပ်ရမည့်ကိစ္စ ဖြစ်သည်။

(ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင် လီနင် နှစ်ပေါင်းများစွာကြိုးစားတည်ဆောက်ခဲ့သည့် ဆိုဗီယက်ယူနီယံသည် ဂေါ်ဗာချော့လက်ထက် ပြည်နယ်ခွဲထွက်ခွင့်များ ပေးလိုက်ခြင်းဖြင့် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားရသည်ကို မမေ့သင့်ပေ။)

မှန်သည်။

ပြည်တွင်းသောင်းကျန်းမှု၊ ပြည်နယ်ခွဲထွက်ခွင့် အရေးတို့ကြောင့် ထိုစဉ်က ဝန်ကြီးချုပ်ဦးနု (သခင်နု) မေတ္တာရပ်ခံသဖြင့် တပ်မတော်သည် အိမ်စောင့်အစိုးရအမည်နှင့် နိုင်ငံတော်အာဏာယူခဲ့ရ၏။

တပ်မတော်ကပင် ပါလီမန်ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ဦးစီးကျင်းပပေးခဲ့သည်။

ယင်းသို့ ရွေးကောက်ပွဲစီစဉ်ပေးတော့ ဖဆပလအဖွဲ့ချုပ်သည် ရွေးကောက်ပွဲအား ယခင်အတိုင်း မဝင်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



'နုတင်'၊ 'ချွေငြိမ်း' အကွဲအပြဲနှင့် ဖဆပလအဖွဲ့ချုပ် နှစ်ခြမ်းကွဲ
ကာ 'သန့်ရှင်း'၊ 'တည်မြဲ' အဖြစ် ရွေးကောက်ပွဲဝင်ခဲ့၏။
ရွေးကောက်ပွဲဝင် 'နုတင်' ကို 'သန့်ရှင်း' ရွေးကောက်ပွဲနိုင်ခဲ့၏။
'လူတည်မြဲ၊ မဲသန့်ရှင်း' ဝေဖန်သံတွေ ညံစီခဲ့၏။

အဓိကအချက်မှာ ရွေးကောက်ပွဲနိုင်သည့် 'နုတင်' ဂိုဏ်း
၏ 'သန့်ရှင်း' ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်အာဏာယူ
ပြီး သုံးလနှင့် ၁၂ ရက်အကြာ၌ ရှမ်းစော်ဘွားများ ပြည်နယ်
ကိုယ်ပိုင်တောင်းဆိုမှုအရေးကြောင့် တပ်မတော်သည် ပြည်
ထောင်စုမပြိုကွဲရေးအတွက် ၁၉၆၁ ခုနှစ်၌ တော်လှန်ရေး
ကောင်စီအမည်နှင့် နိုင်ငံတော်အာဏာအား ပခုံးပြောင်းယူခဲ့ရ၏။

ထို့နောက် ပါလီမန်ဒီမိုကရေစီ၏ ဆိုးကျိုးများကို မြင်တွေ့
ရသဖြင့် နိုင်ငံအား ဆိုရှယ်လစ်စနစ်နှင့် အုပ်ချုပ်ခဲ့၏။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား တည်ထောင်ကာ
၁၉၇၄ ခုနှစ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ရေးဆွဲခဲ့သည်။

မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ (တစ်ပါတီစနစ်) နှင့်
အုပ်ချုပ်စဉ် '၈၈' အရေးအခင်း ပေါ်ပေါက်ခဲ့ပြန်၏။ ထိုအရေး
အခင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမည့်
အခြေအနေများ ကြုံတွေ့လာရသဖြင့် တပ်မတော်သည် နိုင်ငံ
တော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အား ဖွဲ့စည်းကာ
နိုင်ငံတော်အာဏာအား ယူခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်အာဏာယူစဉ် 'ပါတီစုံအထွေထွေရွေးကောက်ပွဲ' အား ပြုလုပ်ပေးမည်ဟု ကတိပြုခဲ့သည့်အတိုင်း ၁၉၉၀ ခုနှစ်၌ ရွေးကောက်ပွဲကျင်းပပေးခဲ့သည်။

[၃]

ဒီမိုကရေစီကြွေးကြော်သံများနှင့် ၈၈ အရေးအခင်းတွင်းသို့ ချဉ်းနင်းဝင်ရောက်ပြီး မြန်မာနိုင်ငံရေးလောကသို့ ခြေချခဲ့သည့် သူမသည် တပ်မတော်အစိုးရမှ ပါတီစုံအထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် ရက်သတ်မှတ်ပြီး ပါတီဖွဲ့စည်းခွင့်ပြုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား တည်ထောင်ခဲ့သည်။

ဦးအောင်ကြီး ဒေါ်အောင်ဆန်းစုကြည် ဦးတင်ဦးတို့ ဦးဆောင်ခဲ့သဖြင့် 'အောင် စု တင်' ပါတီဟုပင် ပြည်သူအကြား ထင်ရှားခဲ့သည်။

သို့သော် မရှည်ကြာခဲ့။ အကွဲအပြဲတွေ ဖြစ်ခဲ့သည်။ သူမကိုယ်တိုင်လည်း ရွေးကောက်ပွဲဥပဒေနှင့် ယှဉ်ပြိုင်ခွင့်မရခဲ့။

ထို ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အောင်ပွဲ ခံနိုင်ခဲ့သည်။

ဗိုလ်ချုပ်ကို ချစ်ခင်လေးစားသည့် မြန်မာပြည်သူ ပြည်သားတို့သည် ဗိုလ်ချုပ်သမီး အောင်ဆန်းစုကြည် ဖွဲ့စည်း



www.burmeseclassic.com

www.burmeseclassic.com



တည်ထောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ်တွင်လည်းကောင်း၊ သူမအပေါ်တွင်လည်းကောင်း တာဝန်ကျေခဲ့ပါသည်။

သို့သော် အဖွဲ့ချုပ်သည် နိုင်ငံတော်အာဏာမရခဲ့သလို အစိုးရဖွဲ့စည်းခွင့်လည်း မရခဲ့။

"ကျွန်မတို့ပါတီ အနိုင်ရပြီး အစိုးရဖွဲ့ခွင့်မရခဲ့
ပေမယ့် ကျွန်မတို့ပါတီနိုင်ကြောင်း အသိ
အမှတ်ပြုတာကတော့ အမှန်ပဲ"

ဟု သူမ ပြောခဲ့သည်။

မည်သို့ဆိုစေ ရွေးကောက်ပွဲပြီးနောက် အာဏာမရခဲ့သည့်နောက်ပိုင်း သူမကိုယ်တိုင် နိုင်ငံရေးမူအရ အကြမ်းမဖက်ရေး၊ မူဝါဒကျင့်သုံးကြောင်း ပြည်သူအား အသိပေးခဲ့သော်လည်း သူမနှင့် သူမ ဖွဲ့စည်းသည့်အဖွဲ့ချုပ်သည် လက်ရှိနိုင်ငံတော်အာဏာယူထားသည့် တပ်မတော်အစိုးရအား ထိပ်တိုက်ရင်ဆိုင်ခြင်းနှင့် အာဏာဖီဆန်ရေးလမ်းစဉ်အား ကျင့်သုံး၍ ဒီမိုကရေစီတိုက်ပွဲဝင်ခဲ့သည်။

အကြမ်းမဖက်ရေးမူဝါဒနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းနှင့် အာဏာဖီဆန်ရေးလမ်းစဉ်သည် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းမဖက်ရေးသည် ငြိမ်းချမ်းမှုအသွင်ဆောင်သော်လည်း ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းသည် ပဋိပက္ခအသွင်ဆောင်ပြီး ငြိမ်းချမ်းတည်ငြိမ်မှုအား ပျက်ပြားစေသည် မဟုတ်လား။

မိမိဆရာလည်းဖြစ်၊ အလွန်တရာ ရင်းနှီးသူလည်းဖြစ်သည့် သတင်းစာဆရာ ရဲခေါင်မြင့်မောင် (ဗိုးကုန်းမောင်ပွ)က-

"မင်း နိုင်ငံရေးဝါသနာပါရင် အမြဲသတိချပ်ထားရမှာက တိုင်းရင်းသားအစိုးရလက်ထက်မှာ ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းကို ဘယ်တော့မှ မလုပ်နဲ့။ ဘာဖြစ်လို့လဲဆိုရင် တိုင်းပြည်နာသလို ပြည်သူလည်းနာတယ်။ ဘာဖြစ်လို့လဲဆိုရင် တည်ငြိမ်မှုကို ပျက်ပြားစေလို့ပဲ"

ဟု ပြောခဲ့သဖြင့် မိမိက-

"ဒီထိပ်တိုက်ရင်ဆိုင်ခြင်းနဲ့ အာဏာဖီဆန်ခြင်းကို ဗိုလ်ချုပ် ကျင့်သုံးခဲ့တယ်လေ"

ဟု စောတကတက်တော့ သူက-

"ဟာ...မင်း စဉ်းစားကြည့်လေ။ ဗိုလ်ချုပ် ဒီလမ်းစဉ်ကို ဗိုလ်ချုပ် ကျင့်သုံးစဉ်က တို့နိုင်ငံကို နယ်ချဲ့ဗြိတိသျှက အုပ်ချုပ်နေတာ။ သူတို့က ကျွန်လို့သဘောထားတာ။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးအတွက် ဒီလမ်းစဉ်ကျင့်သုံးတာ မှန်တယ်။ မင်း ဗိုလ်ချုပ်ပြောခဲ့တဲ့စကားတစ်ခု ပြန်ကြည့်စဉ်းစားကြည့်လေ။ လွတ်လပ်ရေး ရဖို့ လက်တစ်ကမ်းအလို ဗိုလ်ချုပ်တို့အစိုးရ အဖွဲ့ဖွဲ့ပြီး တိုင်းပြုပြည်ပြု လွှတ်တော်လုပ်နေ ချိန် ဆူပူမှုတွေဖြစ်ဖို့ ကွန်မြူနစ်တွေက တို့မီး ရှို့မီးလုပ်တော့ 'ခင်ဗျားတို့ကို ကျုပ် သတိပေး မယ်၊ တိုင်းပြည်မငြိမ်သက်အောင်၊ တည်ငြိမ်မှု ပျက်ပြားအောင်လုပ်မယ်ဆိုရင်တော့ စစ်တပ် 'က ချမှာပဲဆိုတာ မြဲမြဲမှတ်ထား' လို့ ပြောခဲ့ တာလေ"

ဟု ရှင်းပြသည်။

ဗိုလ်ချုပ်သည် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ပြုလုပ်ခြင်း၊ ညီညွတ်မှုပျက်ပြားအောင် ပြုလုပ်ခြင်းအား မနှစ်သက်ချေ။ ဒါက နှစ်သက်လက်ခံရမည့်အရေးလည်း မဟုတ်။

မြန်မာနိုင်ငံရေးသမိုင်းစဉ်အား သုံးသပ်ကြည့်လျှင် သူစ ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းတို့ကြောင့် မကြာ ခဏ ပဋိပက္ခအသွင်ဆောင်သည့်အဖြစ်များ ဖြစ်ခဲ့သလို လက်လုပ်လက်စားများ၊ ဆင်းရဲသားများ ဒုက္ခကြုံရသည်ကို



www.burmeseclassic.com

www.burmeseclassic.com



သူမ ဆိုပါစို့။ တည်ငြိမ်အေးချမ်းမှု စည်းကြပ်မှုများ လျော့ပါးမည်။ သို့မှသာ ဆင်းရဲသားပြည်သူများ လွတ်လပ်စွာ ရှာဖွေစားသောက်နိုင်မည်။

"ကျွဲနှစ်ကောင်ခတ်သည့်ကြား မြေဇာပင်နာ" ဟု စကားရှိပါသည်။ ထိုစကားသည် သတိချပ်သင့်သည့်စကားဖြစ်သည်မဟုတ်လား။

ပြည်သူအား တကယ်ချစ်လျှင် ပြည်သူ့အကျိုးကြည့်ရမည်။ ပြည်သူ့နာမည့်ကိစ္စများအား ရှောင်ရမည်။

လူထုခေါင်းဆောင်၊ ပြည်သူခေါင်းဆောင်ဟူသမျှသည် တိုင်းပြည်နာမည့်ကိစ္စ၊ ပြည်သူနာမည့်ကိစ္စအား ရှောင်ကြဉ်ကြပါသည်။

ပဋိပက္ခသည် ငြိမ်းချမ်းမှုအသွင်မဆောင်သည်ကို သိရမည်ဖြစ်သည်မဟုတ်လော။

တည်ငြိမ်မှု ပျက်ပြားလျှင် ပြည်သူ့အတွက် နစ်နာနိုင်သည်မဟုတ်လား။

■



www.burmeseclassic.com

www.burmeseclassic.com

# ၃။
# ဒေါ်အောင်ဆန်းစုကြည်၏ ပြုပြင်ပြောင်းလဲခြင်း



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့်
အောင်ဆန်းစုကြည်



www.burmeseclassic.com

www.burmeseclassic.com

[၁]

'၈၈' နောက်ပိုင်း မြန်မာနိုင်ငံတွင် တပ်မတော်မှ နိုင်ငံတော်အာဏာရယူပြီး တည်ငြိမ်သောနိုင်ငံအဖြစ် ရပ်တည်နိုင်အောင် စွမ်းဆောင်ခဲ့သည်။

'၈၈' အရေးအခင်းကြောင့် ဆုံးရှုံးသွားသည့် စက်ရုံများအား ပြန်လည်ပြုပြင်၍ လည်ပတ်စေခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံချောမွေ့စေရေးအတွက် လမ်းဖောက်တံတားဆောက်ခြင်းများ လုပ်ခဲ့သည်။ ရန်ကုန်မြို့တွင်း ကြွက်သိုက်နှယ်ဖြစ်နေသည့် ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းကာ မြို့သစ်များ တည်ဆောက်ပေးခဲ့သည်။

ဒါက အခုမှမဟုတ်။

မဟာရန်ကုန် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတ၊ ဒဂုံမြို့သစ် (တောင်-မြောက်)၊ ရွှေပြည်သာ၊



www.burmeseclassic.com

www.burmeseclassic.com



ရွေးပြည်သာ၊ အေးသာယာ စသည့်မြို့သစ်များသည် တပ်မတော် တည်ထောင်ပေးခဲ့သည့်မြို့များပင်။

တပ်မတော် နိုင်ငံတော်အာဏာ လွှဲပြောင်းယူစဉ် စီစဉ် တည်ဆောက်ပေးခဲ့သည်မှာ သမိုင်းသက်သေရှိသည်။ လမ်းတွေ၊ တံတားတွေ ဆောက်တည်ခဲ့သည်မှာလည်း အမှန်ပင်။ တပ်မတော်အစိုးရ နိုင်ငံတော်အာဏာယူစဉ် ငြိမ်းချမ်းရေးအဖွဲ့ (၁၂) ဖွဲ့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့သည်မှာလည်း သမိုင်းတွင် အထင်အရှားရှိသည်။

ဒါတွေအားလုံးက ရိုးသားစွာ ဝန်ခံကြစတမ်းဆိုလျှင် ပါတီခေတ်တွင် မိမိပါတီ ဆက်လက်အနိုင်ရရှိရေး၊ မဲရရှိရေး အတွက် မလုပ်ဝံ့၊ မထိဝံ့သည့်ကိစ္စများ။

ဥပမာတစ်ခု ချပြချင်ပါသည်။

မိမိတို့ မဟာရန်ကုန်မြို့လယ် အထင်ကရစေတီတော် မြတ်ကြီးဟုဆိုရမည့်၊ ရွှေတိဂုံစေတီတော်အနီးတွင် သံပုံချိုင့်ဟု ခေါ်သည့်နေရာတစ်ခု ရှိပါသည်။ ထိုနေရာတွင် ရပ်ကွက်တစ်ခု ရှိသည်။ 'အလီမူလာ' ဟု ခေါ်ပါသည်။ အိမ်ခန်းများစွာရှိသော မိန်းမပျက်တို့ ပျော်စံရာရပ်ကွက် ဖြစ်သည်။ လူ့ဏာဘုံမြနန်းပင်။

ပါလီမန်ဒီမိုကရေစီခေတ်တွင် အာဏာရနိုင်ငံရေးပါတီများမှ မဖျက်နိုင်ခဲ့ပါ။ တပ်မတော်အစိုးရ လက်ထက်ကျမှ 'အလီမူလာ' ပျက်သုဉ်းခဲ့ပါသည်။

ဒါတွေအားလုံးဟာ တပ်မတော်မှ လုပ်ခဲ့ပါသည်။

www.burmeseclassic.com


နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် လွတ်လပ်ရေး မဆုံးရှုံးစေရေး၊ ပြည်ထောင်စုမပြိုကွဲရေးအား လုပ်ပါသည်။

အမျိုးသားရေးတာဝန်ယူထားသည့် တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးသော ရဲဘော်ဖြူ၊ နီ၊ ပျူစောထီး စသည့် လက်နက်ကိုင်တပ်များ ရှိပါသည်။ နိုင်ငံရေးပါတီများ၏ ခါးပိုက်ဆောင်တပ်အဖြစ် ရပ်တည်ခဲ့ကြသည်ကို သမိုင်းကို ပြန်ကြည့်လျှင် သိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


•

[၂]

'အပေါင်းကြောင့် ဂုဏ်ပျက်သည်၊ အပေါင်းကြောင့် ဂုဏ်တက်သည်'ဟု ဗမာစကား ရှိပါသည်။ ထို့အတူ ၃၈ ဖြာ မင်္ဂလာတရားတွင် ပညာရှိအား ဆည်းကပ်၍ သူယုတ်မာအား ရှောင်ရမည်ဟု ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

လောကဥ္ဆ မည်မျှ ရိုးသားတည်ကြည်မှန်ကန်သူဖြစ်စေ မကောင်းသောပတ်ဝန်းကျင်၌ ကျင်လည်ရောက်ရှိလျှင် မှားယွင်းချွတ်ချော်တတ်သည်မှာ ဓမ္မတာ ဖြစ်ပါသည်။

သူမ၏ ဘဝသမိုင်းအား ပြန်ကြည့်လျှင် နှစ်ပေါင်း (၄၀) နီးပါး မြန်မာပြည်နှင့် ဝေးနေရသူ ဖြစ်ပါသည်။ ဘဝရပ်တည်မှု အောင်မြင်ရေး၊ မိသားစုဘဝနှင့် ရှင်သန်နေခဲ့ရသူ ဖြစ်သည်။

သူမသည် နိုင်ငံနှင့်လူမျိုးပေါ် ချစ်ခင်သည့် ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏သွေးနှင့် နိုင်ငံအပေါ် တာဝန်ကျေသော မိသားစုအပေါ် တာဝန်ကျေသော မိခင်ဒေါ်ခင်ကြည်၏သွေးနှင့် လူဖြစ်လာသူ ဖြစ်ပါသည်။

လူသားတို့၏ ဇီဇသဘာဝပညာရှင်များ၏ အဆိုအရ



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတိုင်းတွင် မိဘများ၏ ဗီဇသဘာဝသည် တည်ရှိနေသည်။ တစ်ချိန်ချိန်တွင် ပေါ်ထွက်လာသည်ဟု ပြဆိုခဲ့သည်ကို ဖတ်ရှုမှတ်သားရဖူးသည်။

သူမသည် ဇဇ ၏သရုပ်ပျက်အသွင်သဏ္ဍာန်နှင့် ဖရိုဖရဲ ဖြစ်နေသည့်အခြေအနေကြောင့် သူမတွင်ရှိနေသည့် ဗီဇစိတ်သည် နိုးကြားလာပုံရ၏။

ထို့ကြောင့် သူမ ပါဝင်လာသည်ဟု ယူဆရသည်။

သူမသည် ကိုယ်ကျင့်တရားကောင်း၍ ရိုး ား သူ၊ မှန်ရာကိုပြောမည့်သူ၊ ပြောရဲသူ ဖြစ်သည်။

တစ်ခုရှိသည်က မည်သို့ပင်ဆိုစေ သူမသည် မြန်မာပြည်နှင့် ကင်းကွာနေသူဖြစ်သဖြင့် မြန်မာပြည်၏ ပကတိအခြေအနေ၊ လူတို့၏အကျင့်စရိုက်အားလည်းကောင်း၊ နိုင်ငံရေးစားဖားကြီးများ ကိုယ်ကျိုးရှာသမားကြီးများ လူတန်းစားပျက်ကြီးများ ချယ်လှယ်မှုကြောင့် တိုင်းပြည်ကို ဖျက်နေသည်ကို တိကျစွာ သိပုံမရပါ။

လူ့သဘာဝအရ ရိုးဖြောင့်စာည်ကြည်သူသည် အရာရာ အကောင်းမြင်တတ်၏။ ကိုယ်စိတ်နှင့် နှိုင်းတတ်၏။

ထို့ကြောင့် သူမ အားလုံးအား ယုံကြည်ခဲ့ပုံရ၏။

ထို့ကြောင့် အမှတ်မှားကောင်းမှားနိုင်သည်။

ထိုစဉ်က သူမအနားတွင်ရှိသူများကို အသေအချာ ခွဲစိတ်လေ့လာကြည့်လျှင် သိနိုင်သည်။ စိစစ်လေ့လာရန်လည်း လိုပါ



www.burmeseclassic.com

www.burmeseclassic.com


သည်။

ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲပြီး အစိုးရဖွဲ့ခွင့် မရသည့်အချိန် သူမနှင့် တပ်မတော် သဟဇာတ မဖြစ်ချိန်၌ သူမအပေါ်မှ ခွာသွားသည့်သူ အဘယ်မျှရှိသည်ကိုလည်း စိစစ်ကြည့်လျှင် သိသာပါသည်။

* * *

သူမ ပါတီဖွဲ့စည်းစဉ်က 'အကြမ်းမဖက်ရေးဝါဒ' ကျင့်သုံးရန် လမ်းညွှန်ခဲ့ပါသည်။ အကြမ်းမဖက်ရေးဝါဒသည် ငြိမ်းချမ်းရေးဝါဒ ဖြစ်ပါသည်။

နောက်ပိုင်း သူမ ကျင့်သုံးသည့်ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ရေးလမ်းစဉ်သည် သူမကိုယ်တိုင် ဒီမိုကရေစီ တိုက်ပွဲဝင်ရန် ချမှတ်ခဲ့သည့်လမ်းစဉ်လော၊

တစ်ခုစဉ်းစားမိသည်က အကြမ်းမဖက်ရေးနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းသည် ဆန့်ကျင်ဘက် ဖြစ်ပါသည်။

အပူနှင့်အအေး ဖြစ်ပါသည်။

အကြမ်းမဖက်ရေးဝါဒသည် တည်ငြိမ်အေးချမ်းပြီး ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းသည် တည်ငြိမ်


www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းမှု မရနိုင်သည့်လမ်းစဉ် ဖြစ်ပါသည်။

ဆန့်ကျင်ဘက်နှစ်ခု၏ အခြေအနေမှန်အား သူမ ခံစားလွန်းနေသဖြင့် သတိချွတ်ချော်နေလျှင် သူမအား အမှန် ဝေဖန်သင့်ပါသည်။

မြန်မာနိုင်ငံရေးသမိုင်းတွင် လမ်းစဉ်များသဖြင့် ချွတ်ချော်ပျောက်ကျသွားသည့် နိုင်ငံရေးသမားများစွာ ရှိပါသည်။ ဤကား တိုင်းပြည်အတွက် နစ်နာခြင်းပင်။ လူကောင်းသူကောင်း ဆုံးရှုံးခြင်းပင်။

ယင်းကဲ့သို့ပင် ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းတို့ကြောင့် လက်ရှိနိုင်ငံတော် အာဏာယူထားသည့် တပ်မတော်နှင့်သူမ သဟဇာတ မဖြစ်ခဲ့သလို မြေဇာပင်နာဆိုသည့်စကားနှယ် ဆင်းရဲသားလူတန်းစားပေါင်းများစွာ ဒုက္ခပင်လယ်ဝေရခြင်း၊ လုပ်ငန်းကိုင်ငန်း ပျက်ခြင်းများကြုံရမည်ကို သူမ သိမည်မဟုတ်။

သူမ သိအောင်လည်း ပြောလိမ့်မည်။ သတင်းပေးလိမ့်မည်မထင်ပါ။

သူမသည် အဖြစ်မှန်ကို မသိသဖြင့် အများကို အမှန်ထင်နိုင်ပါသည်။ ထို့အတူ သူမကိုယ်တိုင်လည်း မကြာခဏ ထိန်းသိမ်းခံခဲ့ရပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com


၄။

# ဒေါ်အောင်ဆန်းစုကြည်နှင့် ပုဂ္ဂိုလ်ရေးကိုးကွယ်သူများ အမှန်တရား မြတ်နိုးသူများ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မိမိုသည် မြန်မာပြည်မှာ မွေးသော မြန်မာပြည်တွင် ကြီးသောသူ ဖြစ်ပါသည်။ မြန်မာပြည်ကိုချစ်သူ၊ အမျိုးသားရေး အမြင်နှင့် အမျိုးသားနိုင်ငံရေး မြတ်နိုးသူ ဖြစ်ပါသည်။

စာပေနှင့် အသက်မွေးဝမ်းကျောင်းပြုသူ စာရေးဆရာ တစ်ဦးဖြစ်သဖြင့် တည့်တည့်ရပ်၊ အမှန်ပြောသူအဖြစ် ရပ်တည် နေပါသည်။

အမှန်တရားမြတ်နိုးပြီး လူတစ်ဦးအား လေ့လာလျှင် သမိုင်းဖြစ်စဉ်နှင့် ယထာဘူတကျကျ လေ့လာပြီး အကောင်းမြင် ဝါဒနှင့် သုံးသပ်ရေးတတ်ပါသည်။

ဖိုးရာဇာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းရေးရာနှင့်ပတ်သက်၍ သမိုင်းတွင် ဆံင်ဆာမရှိ ဟူသည့် ခံယူချက်အား မြတ်နိုးပါသည်။ ကျင့်သုံးပါသည်။

ထို့ကြောင့် မိမိသည် ဗိုလ်ချုပ်အကြောင်း စာအုပ်များ ပြုစုစဉ်ကလည်း ပကတိအခြေအနေမှန်နှင့် အရှုပ္ပာအား ဦးစား ပေးရေးပါသည်။ ယနေ့နှင့်မနက်ဖန်အား ချိန်ထိုးသုံးသပ်ရေးခဲ့ ပါသည်။

မိမိသည် ဗိုလ်ချုပ်၏အကြောင်းများအား လူငယ်များ အတုယူနိုင်ရန် ရေးသားခဲ့ပါသည်။ တစ်ခုရှိသည်က ဗိုလ်ချုပ် ဖြစ်တည်ခဲ့သည့်ကာလသည် မြန်မာနိုင်ငံအား နယ်ချဲ့ဗြိတိသျှ တို့မှ ကိုလိုနီကျွန်ပြုအုပ်စိုးနေချိန်၊ ဖြစ်ပါသည်။

ယင်းသမို့ ထိုစဉ်က နယ်ချဲ့အား ဗိုလ်ချုပ် ဖွဲ့ကိုင်ကျင့်သုံး တိုက်ပွဲဝင်ခဲ့သည့် ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်း နှင့် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်သည် မမှားပါ။

လုပ်သင့်လုပ်ထိုက်သည့်အချိန်တွင် လုပ်ခြင်းဖြစ်သည်။

သို့သော် သူမ နိုင်ငံရေးစင်မြင့်ပေါ်သို့ ရောက်လာခြင်း၊ ၁၉၉၀ ရွေးကောက်ပွဲအပြီး သူမ ကျင့်သုံးသည့် ထိပ်တိုက် ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းများနှင့်ပတ်သက်၍ မိမိပုဂ္ဂလိက မနှစ်သက်ကြောင်း (မနှစ်သက်သူများစွာလည်းရှိကြောင်း) မိမိ စာပေသစ္စာနှင့် ရေးပြခဲ့သည်။

ထိုအတူ ကွန်မြူနစ်များနှင့်ပတ်သက်၍ လူတန်းစားမျက် များ၊ အခွင့်ရေးမျှော်ကိုးသူများနှင့်ပတ်သက်၍ မိမိ ရေးသားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဒါတွေအားလုံးက ၁၉၈၈ နောက်ပိုင်း သူမ ကျင့်သုံးခဲ့သလို အချို့ကိစ္စများ၌ သူမကိုယ်တိုင် ဝန်ခံခဲ့သည်ပင်။ (အကျယ်သိလိုလျှင် ဖေကံကောင်းရေး 'အောင်ဆန်းစုကြည် ဘာလဲ၊ ဘယ်လဲ' နှင့် သတင်းစာရှင်းလင်းပွဲမှတ်တမ်းများအားကြည့်လျှင် အကျယ်သိနိုင်ပါသည်။

မိမိ၏ ရေးသားချက်များနှင့်ပတ်သက်၍ သမာသမတ်ရှိသူများက-

"ဒါဟာ သူ့သမိုင်းမှာ သူမ ဖြစ်ခဲ့တာတွေပဲ။
ဒါတွေကို မှတ်တမ်းအဖြစ် ရေးတာ သူမဘဝ
ရဲ့မှတ်စုတွေ၊ သူမကို အပြစ်ဆိုတာ မဟုတ်
ဘူး။ ပုဂ္ဂိုလ်ရေး တိုက်ခိုက်တာမဟုတ်ဘူး။
အနာဂတ်အတွက် သူ သုံးသပ်ဆင်ခြင်နိုင်ဖို့
စေတနာစကားဆိုတာပဲ"

ဟု သုံးသပ်သည်။

သို့သော် သူမအား ပုဂ္ဂိုလ်ရေးကိုးကွယ်သူများက မိမိစာအုပ်ပါအကြောင်းများထဲမှ အတိတ်ဖြစ်စဉ်များသာ ပုံကြီးချဲ့၍ Internet ပေါ် တင်ခဲ့သည်။ သည်စာအုပ်ကို ကန့်ကွက်ပါဟု လှုံ့ဆော်ခဲ့သလို မိမိစာအုပ်အား ထုတ်ဝေသည့်တိုက်အား မီးရှို့မည်ဟု ဒီမိုကရေစီမဆန်သည့် ခြိမ်းခြောက်မှုများပြုခဲ့၏။

သည့်အခါ မိမိကိုယ်မိမိထက် သူမအတွက် စိုးရိမ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



[၂]

"လူဟာ ဆိုးချင်ဆိုးမည်။ ကောင်းချင်ကောင်းမယ်။ အဆိုးအကောင်းဟာ အဓိက မဟုတ်ဘူး။ အဓိကက ပြုပြင် ပြောင်းလဲနိုင်တဲ့စိတ်ရှိဖို့ပဲ"

ဟု သူမကိုယ်တိုင်လည်း ပြောခဲ့သည်။

လောက၌ အမှန်တကယ်ပဲ အဆိုးအကောင်းသည် အဓိက မကျပါ။ လူ့သဘာဝအရ ဆိုးချင်ဆိုးမည်၊ ကောင်းချင် ကောင်းမည်။ မှန်ချင်မှန်မည်၊ မှားချင်မှားမည်။ ဒါက အဓိက မဟုတ်ပါ။

အဓိကသည် ဆိုးခဲ့သည်ကိုသိလျှင် ကောင်းအောင်ပြင်ဖို့၊ မှားမှန်းသိလျှင် အမှန်ပြင်ဖို့ပင်။ အမှားကျူးလွန်မိပြီး အမှားသည် မိမိအတွက်ရော၊ အများအတွက်ပါ အကျိုးမဖြစ်မှန်းသိ၍ အမှန်ပြင်သူသည် အမှားကို ပြန်လည်ပြုလုပ်ရိုး မရှိပါ။

သူမသည် ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းသည် မိမိအတွက် အကျိုးမဖြစ်သလို ပြည်သူအတွက်လည်း အကျိုးမဖြစ်မှန်းသိ၍ သူမကိုယ်တိုင် အစိုးရလက်ထက် နေအိမ် အကျယ်ချုပ်မှ လွတ်မြောက်လာတော့ သူမသည် လူထုအား-

"နောင်ဆို လူထုကြီးလမ်းပေါ် ထွက်စရာမလို တော့ပါဘူး"

ဟု ကြေညာခဲ့သည်။ ဒါက သူမအတွက်၊ ပြည်သူအတွက် သူမ ပြုပြင်ပြောင်းလဲခဲ့ပြီဟု တရားဝင်ကြေညာခြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းမဖက်ရေးမူဝါဒအား တရားဝင်ဆုပ်ကိုင်ပြီးဟု တရားဝင် ကြေညာခြင်းဖြစ်သကဲ့သို့ ငြိမ်းချမ်းရေးစကားဆိုလည်း မမှားပါ။

မိမိ သူမအတွက်၊ ပြည်သူ့အတွက်ဟု သုံးနှုန်းခဲ့သည်မှာလည်း အကြောင်းမဲ့မဟုတ်ပါ။

သူမ၏နိုင်ငံရေးဘဝ ဖြတ်သန်းမှုသမိုင်းအား ပြန်လည် သုံးသပ်ကြည့်လျှင်-

၁။ သူမသည် ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းအား ကျင့်သုံးခဲ့သဖြင့် အုပ်ချုပ်သော တပ်မတော် အစိုးရနှင့်သူမကြား မလိုလားအပ်သော ပြဿနာများ ကြုံခဲ့ပါသည်။

၂။ သူမ အထိန်းအသိမ်းခံရသဖြင့် နေအိမ်အကျယ်ချုပ်ဖြစ်စေကာမူ စိတ်သွားတိုင်းကိုယ်မပါသည့်ဘဝဖြစ်သဖြင့် တန်ဖိုးရှိသည့်အချိန်များ ဆုံးရှုံးနစ်နာခဲ့ပါသည်။

၃။ ပြည်သူလူထုအတွက် ကိုယ်ဖိရင်ဖိ စိတ်ပါလက်ပါ မလုပ်နိုင်သဖြင့် ပြည်သူ့အတွက်လည်း နစ်နာဆုံးရှုံးပါသည်။

ဒါတွေအား သူမကိုယ်တိုင် သုံးသပ်မိသည်ဟု ထင်ပါသည်။ ဝေဖန်ရေးနှင့် မိမိကိုယ်မိမိ ဝေဖန်ခြင်းကြောင့် ဤသို့ ပြောင်းလဲခဲ့သည်ဟုလည်း ယုံကြည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



[၃]

သူမဘာ၀အား သုံးသပ်ကြည့်လျှင် သူမသည် ကြီးလေးသည့်တာဝန်နှင့်လူ၊ အလွန်တာရာခက်ခဲသည့် အလုပ်အား လက်တွေ့လုပ်နေသူ ဖြစ်သည်။

ပြောရလျှင် သူမသည် နိုင်ငံသစ် ဖန်တီးခဲ့သူ။ တိုင်းပြည်နှင့်လူမျိုး ကျွန်ဘ၀၊ ကျွန်နိုင်ငံအဖြစ်မှ လွတ်လပ်သောလူမျိုး၊ လွတ်လပ်သည့်နိုင်ငံအဖြစ် ဖန်တီးတည်ဆောက်ပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သဖြင့် ပြည်သူယုံကြည်သည့် ဗိုလ်ချုပ်သမီး ပီသစေရန် စောင့်ထိန်းရသည့်တာဝန်သည် ကြီးလေးသည့်တာဝန် ဖြစ်သည်မဟုတ်လော။

ထို့အတူ သူမ ယခုလုပ်နေသည်မှာ 'အာဏာရရေး' အတွက် မဟုတ်ပါ။ အမျိုးသားပြန်လည်သင့်မြတ်ရင်ကြားစေ့ရေး၊ ဒီမိုကရေစီနိုင်ငံဖြစ်တည်ရေး၊ ငြိမ်းချမ်းရေးအတွက် လုပ်နေသည်ဟု ယုံကြည်ပါသည်။

သူမ စွမ်းဆောင်ကြိုးပမ်းနေခြင်းသည် အတွေးအမြင်၊ အယူအဆ မတူညီမှုများအား ညှိနှိုင်းနေရခြင်းဖြစ်သဖြင့် တိမ်းစောင်းသွား၍မရပါ။

သူမသည် ဗိုလ်ချုပ်သမီးဖြစ်သဖြင့် ဗိုလ်ချုပ်စိတ်ဓာတ်နှင့် ခိုင်ကျဉ်မည်ဟု ယုံပါသည်။

သူမတစ်ဦးတည်းအနေနှင့် ပြောစရာမရှိပါ။ ယုံကြည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမခရီးသည် တစ်ဦးတည်းသွားရမည့်ခရီး မဟုတ်။ သူမက ဦးဆောင်သူဖြစ်ပြီး သူမနောက်မှာ နောက်လိုက်များ ရှိပါသည်။

သူမက စွမ်းဆောင်မှုနှင့် ဦးဆောင်ရမည်ဖြစ်သလို နောက်လိုက်များက သစ္စာရှိစွာ ရိုးဖြောင့်တည်ကြည်စွာ လိုက်ပါရင်း သူမ တိမ်းစောင်းသွားရင် ဖေးမရမည်။ သူမ ချွတ်ချော်သွားလျှင် ဆွဲမရမည်။

ခေါင်းဆောင်သူသည် မည်မျှ ပညာတတ်သူ၊ အတွေ့အကြုံရှိသူဖြစ်စေ လူသားတစ်ဦးဖြစ်သဖြင့် မှားတတ်သည်၊ တိမ်းစောင်းသွားတတ်သည်။

သည့်အခါ နောက်လိုက်များသည် နောက်လိုက် သက်သက်မဟုတ်ဘဲ မိတ်ဆွေကောင်းအဖြစ် ရပ်တည်နိုင်ရန် လိုအပ်ပါသည်။

မိမိနောက်လိုက်များတွင် ပုဂ္ဂိုလ်ရေးကိုးကွယ်သူ အင်အား မများဖို့လိုသည်။ အမှန်တရားမြတ်နိုးသူ များဖို့လိုသည်။

အဘယ့်ကြောင့်ဆိုသော် အမှန်တရား မြတ်နိုးသူများမှ ဖေးမခြင်းနှင့် ကြုံတွေ့ရမည့် အမှန်တရားမြတ်နိုးသူတို့ကြောင့် မိမိသည် လူသားဖြစ်သဖြင့် ဆန္ဒလွန်၍ဖြစ်စေ၊ သတိချွတ်ယွင်း၍ဖြစ်စေ အမှားကြုံခဲ့သော် စေတနာရှေ့ထား အမှားအမှန် ခွဲခြား ပြသဖြင့် အသိဝင်ပြီး ပြုပြင်နိုင်မည်။



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်နိုင်မှ အောင်မြင်မှုရမည်။

အထူးသတိပြုရမည်က မိမိဦးဆောင်မှုနောက်တွင် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအား နည်းနိုင်သမျှ နည်းနေဖို့ပင်။ လုံးဝမရှိအောင်မှု လုပ်မရပါ။ အဓိကသည် ပုဂ္ဂိုလ်ရေးကိုးကွယ်သူအင်အားမများဖို့ပင်။

စင်စစ် ပုဂ္ဂိုလ်ရေးကိုးကွယ်သူသည် အစွန်းရောက်သူဖြစ်၏။ ထိုသူများက အမှားအမှန် ဝေဖန်ပိုင်းခြားခြင်း မရှိ။ မှားမှားမှန်မှန် တစ်ဖက်သတ် ချီးကျူး၏။ ကောင်းကောင်းဆိုးဆိုး သြဘာလက်ခုပ်သံနှင့် ချီးမြှောက်နေ၏။

ဘဝသည်အထဲတွင် ကိုယ်ကျိုးရှာသမား၊ အခွင့်အရေးသမားများ၊ များလာလျှင် ပိုဆိုး၏။ ထိုသူများက စိန်နားကပ်ရောင်နှင့် ပါးပြောင်တတ်ကြ၏။ အလိုလိုက်အကြိုက်ဆောင်ကြ၏။

အမြဲတမ်း သြဘာလက်ခုပ်သံနှင့် ချီးကျူးဂုဏ်ပြုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



[၄]

သူမက ပြောဖူးသည်။

"ဘာတွေ မရသေးဘူး၊ ဘာတွေမဖြစ်သေးဘူး
ဆိုတာတွေ ပြောနေရမယ့်အချိန် မဟုတ်ဘူး။
ကိုယ့်လမ်းကိုယ်ထွင် ကိုယ့်အပင်ကိုယ်စိုက်ပြီး
ကြိုးစားလုပ်ရမယ့်အချိန် ရောက်နေပြီ"
"ကျွန်မတို့ စည်းကမ်းရှိရမယ်၊ ညီညွတ်ရမယ်၊
ကြိုးစားရမယ်"

ဟု ဖြစ်သည်။

မှန်သည်။ သူမက လမ်းသစ်ဖွင့်ပြီး ဒီမိုကရေစီပြည်သစ်တည်ဖို့ ကြိုးစားနေပြီ။ စွမ်းဆောင်ရှေ့ဆောင်နေပြီ။

ပြည်သူတွေကလည်း သူ့ဦးဆောင်မှုနောက်တွင် စည်းကမ်းရှိစွာ၊ ညီညွတ်စွာ၊ ကြိုးစားဖို့လိုပြီ။

အမှန်တရားသိမှ၊ အမှန်တရားရှိမှ အောင်မြင်မှုရမည်။

ဒီမိုကရေစီနိုင်ငံသစ် ဖြစ်တည်ရေးအတွက် မိမိကိုယ်မိမိ ဝေဖန်သုံးသပ်၍ မိမိကိုယ်မိမိ ကိုယ်ကျင့်တရားပြည့်စုံသူ၊ အမှန်တရားမြတ်နိုးသူအဖြစ် ရပ်တည်လိုက်ပါနိုင်ရန် ကြိုးစားရတော့မည် ဖြစ်သတည်း…။

■



www.burmeseclassic.com

www.burmeseclassic.com

# ၅။
# ဒေါ်အောင်ဆန်းစုကြည်၏
# နိုင်ငံတကာဒီမိုကရေစီနှင့်
# မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းဖြစ်စဉ်များ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည် သူ၏ ပရိသတ်များနှင့်
တွေ့ဆုံနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းစိတ်ထဲ၌-

"ဒေါ်စုက ဗိုလ်ချုပ်သမီးလေ၊ ဗိုလ်ချုပ်နဲ့ ဘယ်လောက်တူသလဲ သွားကြည့်ရမယ်"

ဟု ရှိသည်။ သူမအနားသို့ ရောက်လာသူများတွင် ဤသို့သော ပရိသတ် မည်မျှရှိမည်ကို ခွဲခြမ်းစိတ်ဖြာကြည့်ဖို့လိုသည်။

ဘာပဲဖြစ်ဖြစ် သူမက သူတကာနှင့်နှိုင်းစာလျှင် ခေါင်းတစ်လုံးမြင့်နေသည်ကတော့ အထူးပြောစရာမလို။

သူမက ဗိုလ်ချုပ်သမီးဖြစ်သဖြင့် ထင်ရှားသလို တာဝန်ကြီးသည်ကို သူမ သိနေစေချင်သည်။

မြန်မာလူမျိုးစရိုက်က ယုံကြည်ပြီဆိုလျှင် လွတ်ယုံကြည်တတ်ကြသလို ထင်သလို ဖြစ်မလာဘူးဆိုလျှင် စွန့်ခွာဖို့ ဝန်မလေးသူများ။ ဒါကိုလည်း သူမ သိသင့်သည်။

[၂]

၁၉၉၀ နောက်ပိုင်း ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းနှင့် တပ်မတော်နှင့် လက်မတွဲနိုင်ဟု ဆိုစကားသန့်သန့်ထွက်လာတော့ 'ဟယ်..ဘယ်လိုဖြစ်တာလဲ၊ တပ်မတော်ဖခင်ဗိုလ်ချုပ်အောင်ဆန်းသမီးက တပ်မတော်နဲ့ လက်မတွဲနိုင်ဘူးဆိုတာက ဘယ်လိုချည်းလဲ' ဟု ဝေဖန်သံတွေ ထွက်ခဲ့သည်။

ဒါကို သူမ သိချင်မှသိမည်။

ထို့အတူ မြန်မာနိုင်ငံတွင်းမှာ တပ်မတော်အား နှင့်သက်



www.burmeseclassic.com

www.burmeseclassic.com



လိုလားသူနှင့် မကြိုက်သူ နှစ်မျိုး ရှိသည်။ မကြိုက်သူများထဲ၌ တပ်မတော်မှ အကြောင်းကြောင်းကြောင့် တပ်မတော်မှ အနားယူလိုက်ကြသူ များသည်။ ထိုသူများက မိမိချို့ယွင်းချက်အား မိမိ ဖုံးကွယ်ပြီး တပ်မတော်ကို လက်ညှိုးထိုးသူများ၊ အပြစ်ပုံချသူများ ဖြစ်သည်။

တစ်ခုရှိသည်က နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာနှင့် ကျူးကျော်စော်ကားမှုအား ကာကွယ်ရန် တပ်မတော်သည် မရှိမဖြစ်သည့် တစ်ခုတည်းသောအင်အား ဖြစ်သည်။ အင်အားစုဖြစ်သည်။

ထို့အတူ တပ်မတော်အား လူသားများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်။ ဒါက လူသားသဘာဝပင်။

သူမက အရပ်သားအစိုးရလက်ထက် နေ့အိမ်အကျယ်ချုပ်မှလွတ်ပြီးနောက် 'တပ်မတော်ကလည်း ပြည်သူ၊ အန်တီကလည်း ပြည်သူ၊ ဘာဖြစ်လို့ လက်မတွဲနိုင်ရမှာလဲ' ဟု ပြောခဲ့ဖူးသည်။

ထို့အတူ AFP သတင်းဌာန အင်တာဗျူး၌ သူမက 'ဒီမိုကရေစီ အပြည့်အဝ အောင်မြင်ဖို့အတွက် တပ်မတော် ပါဝင်လာဖို့ လိုအပ်တယ်။ ကျွန်မကိုယ်တိုင်ကလည်း လိုလားတယ်' ဟု ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


မှတ်ချက်။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ဝေသည့် 'ဒီလှိုင်းစာစောင်' ၌ ထိုအကြောင်းအား အယ်ဒီတာအဖွဲ့နှင့် အောင်ဆန်းစုကြည် အင်တာဗျူးအကျယ်ပါသည်။

(စာရေးသူ)

သို့သော် ဤသို့ဤနှယ် ပြောပြီးကာမှ ပါတီများ၏ မူဝါဒသဘောထားကြေညာချက်များ ရုပ်မြင်သံကြားမှလာတော့-

'လွှတ်တော်ထဲမှာ တပ်မတော်သား ၂၅ ရာခိုင်နှုန်း ပါဝင်တာဟာ ဒီမိုကရေစီစံနဲ့ကြည့်ရင် မကိုက်ညီဘူး'

ဟုလည်းကောင်း-

"ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ရမယ်"

ဟုလည်းကောင်း ပြတ်သားစွာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုဗီယက်ယူနီယံမှအစ အီရတ်၊ အာဖဂန်နစ္စတန် လမ်းများအလယ် အီကျစ်၊ ဆီရီးယားအဆုံး ခေါင်းဆောင်ဖြုတ်ချခြင်း၊ ပြိုကွဲခြင်း မတည်ငြိမ်မှုများ ပြန့်ထိုးစေခဲ့သည့် နိုင်ငံတကာဒီမိုကရေစီစံလား။

ဝါရင့်နိုင်ငံရေးသမားများက–

"ဒီမိုကရေစီဆိုတာ စနစ်မဟုတ်ဘူး။ ကျင့်စဉ်တစ်ခုပဲ။ စနစ်တစ်ခုနောက်မှာရှိနေတဲ့ လူ့အခွင့်အရေးရဲ့ အစိတ်အပိုင်းတစ်ခုပဲ။ ဒီမိုကရေစီဆိုတာ လွတ်လပ်စွာ စုပေါင်းဆုံးဖြတ်တဲ့ မျှတမှုပဲ"

ဟု ရှင်းပြသည်။

မှန်တော့မှန်သည်။

အနောက်အုပ်စုက လွှင့်ထုတ်ခဲ့သည့် ဒီမိုကရေစီတွင် စနစ်ကို ဖုံးကွယ်မှုရှိနေသည်။ အနောက်အုပ်စုက မိမိနိုင်ငံအား ဒီမိုကရေစီနိုင်ငံဟု ပြောနေကြသည်။ ငါတို့နိုင်ငံတွေမှာ အရင်းရှင်စနစ်နဲ့သွားပြီး အရင်းရှင်ဒီမိုကရေစီကျင့်သုံးနေတယ်ဟု ပြောသည်မရှိ။

ဒီနိုင်ငံတွေမှာ အာဏာရှင်စနစ်ကြောင့် လူ့အခွင့်အရေးတွေ ဆုံးရှုံးနေတယ်ဟုပြောပြီး သူတစ်ပါးနိုင်ငံအား ကျူးကျော်ဝင်ရောက်တိုက်ခိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခံယူသည့် ဒီမိုကရေစီဆိုသည့် လွတ်လပ်ခြင်း ဆိုသည့်အတိုင်း လွတ်လပ်စွာ ကျူးကျော် ဝင်ရောက်တိုက်ခိုက် သည်။ ဒီမိုကရေစီ ဖော်ဆောင်နိုင်ဖို့အတွက်ဟု ပြောသည်။

ကျူးကျော်တိုက်ခိုက်ပြီး ထိုနိုင်ငံခေါင်းဆောင်ပြုတ်သွား တော့ ဟန်ပြအုပ်ချုပ်ရေးတစ်ခု စီစဉ်ပေးသည်။

တည်ငြိမ်မှု ပျက်ပြားပြီး နိုင်ငံယိုယွင်းပျက်စီးသွားတော့ သူတို့ ဥပေက္ခာပြုထွက်ခွာခဲ့သည်။

ဒါက ဒီမိုကရေစီလား။ လူ့အခွင့်အရေး အပြည့်အဝ ရရှိရေးလား။ မိုလ်ချုပ်က ပြောဖူးသည်။

"လွတ်လပ်ရေးဆိုတာ ကိုယ်ကလွတ်လပ်ပြီး
တစ်ဖက်ရဲ့ လွတ်လပ်မှုကို ထိပါးရင် လွတ်
လပ်ရေး မဟုတ်ဘူး။ ရမ်းကားမှုပဲ"

ဒါကို မိမိတို့ လက်ခံသည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၌ အချုပ်အခြာအာဏာတည်သည့်နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေး အား မစွက်ဖက်ရဟု ပါသည်။

အနောက်အုပ်စုဒီမိုကရေစီစံလှိုင်းက စွက်ဖက်ရုံ●က နိုင်ငံ တစ်နိုင်ငံရဲ့ လူတွေရဲ့ အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်နေ သည်။

ယင်းဒီမိုကရေစီကို မိမိတို့ပြည်သူအများ မနှစ်သက်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



[၄]

"မိမိနိုင်ငံနဲ့ အခြားနိုင်ငံတွေကို ချိန်ထိုးကြည့်နေ
လို့ မရဘူး"

ဟု ဗိုလ်ချုပ်က ပြောဖူးသည်။

မိမိတို့ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် အနောက်အုပ်စုနိုင်ငံများသည် ဘယ်နည်းနှင့်မျှ မတူညီနိုင်ပါ။

အခြေအနေအရပ်ရပ် ကွာခြားသည်။

သူမ ပြောသည့် တပ်မတော်ကိစ္စ ပို၍ကွာခြားသည်ဟု ဆိုရမည်။ အနောက်အုပ်စုနိုင်ငံများ၌ရှိသည့် တပ်မတော်သည် ကြေးစားတပ်မတော်ဖြစ်ပြီး မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ တပ်မတော်သည် မျိုးချစ်တပ်မတော် ဖြစ်သည်။

မျိုးချစ်တပ်မတော်သည် နယ်ချဲ့လက်မှ မိမိနိုင်ငံ လွတ်လပ်ရန် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားပေါ်ပေါက်လာသည့်တပ်မတော် ဖြစ်သည်။

တပ်မတော်ဖွဲ့စည်းစဉက ကာကွယ်ရေးတပ်မတော်အဖြစ် ဖြစ်သော်လည်း နိုင်ငံလွတ်လပ်ရေးရပြီးသည့်အခါ တပ်မတော်သည် ကာကွယ်ရေးအပြင် အုပ်ချုပ်ရေး၌ပါ ပါဝင်လာခဲ့သည်။

ယနေ့ အရှေ့တောင်အာရှနိုင်ငံများမှ တပ်မတော်သည် စစ်ရေးစွမ်းရည်သာမဟုတ်၊ အုပ်ချုပ်ရေးစွမ်းရည်ပါ မြင့်မားလာပြီ။ ,ဒါကလည်း ဖြစ်သင့်သည့်အချက်ပင်။



www.burmeseclassic.com

www.burmeseclassic.com


အဘယ့်ကြောင့်ဆိုသော် တပ်မတော်သည် ပြည်သူများ ဖြစ်နေသောကြောင့်တည်း။

"ငါတို့တပ်မတော်သည် ပြည်သူများမှ ဖြစ်ပေါ်လာ၍ ပြည်သူများ၏ လွတ်လပ်ရေးနှင့် ပြည်သူများ၏အကျိုးကို စောင့်ရှောက်ကာကွယ်ရန် ဖြစ်သည်။ ထို့ကြောင့် ငါတို့တပ်မတော်သည် ပြည်သူ့တပ်မတော် ဖြစ်သည်"

(ဗိုလ်ချုပ်အောင်ဆန်း)

((၉ ၊ ၁၂ ၊ ၄၄ ၊ ရန်ကုန်)

ဤကား ဗိုလ်ချုပ်၏မြွက်ကြားချက်စကား ဖြစ်သည်။

တပ်မတော်ဟူသည့် ပြည်သူများမှ ဖြစ်ပေါ်လာသူများ ဖြစ်သဖြင့် ပြည်သူ့အနာဂတ်အကျိုး သယ်ပိုးရန်အတွက် တပ်မတော် ပါဝင်နေသည်မှာ ဖြစ်သင့်သည့်အဖြစ်ပင်။

တပ်မတော်သားတို့သည် ပြည်သူများဖြစ်သဖြင့် ပြည်သူ့လွှတ်တော်အတွင်း ၂၅ ရာခိုင်နှုန်း ပါဝင်နေခြင်းသည် အပြစ်မဟုတ်။ မဖြစ်သင့်သည့်အဖြစ် မဟုတ်။

အနောက်နိုင်ငံများ၏ဖြစ်တည်မှု၊ ကျင့်သုံးနေထိုင်မှုနှင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၏ဖြစ်တည်မှု၊ ကျင့်သုံးနေထိုင်မှုသည် တူညီမှုမရှိနိုင်ပါ။


www.burmeseclassic.com

www.burmeseclassic.com


ကြေးစားတပ်မတော်နှင့် မျိုးချစ်တပ်မတော်၏ဖြစ်တည်မှု သည်လည်း မတူညီနိုင်ပါ။

အနောက်နိုင်ငံများ၌ အနေများ၍ အနောက်ကိုသာ အထင် ကြီးပြီး မြန်မာနိုင်ငံအား စံမမီဟုဆိုလျှင် ဘယ်နည်းနှင့်မျှ အမှန် တရား မဖြစ်နိုင်ပါ။

မြန်မာလူမျိုးများသည် လွတ်လပ်မှုကို မြတ်နိုးသော် လည်း ရမ်းကားမှု၊ စွက်ဖက်မှုကို မနှစ်သက်ကြပါ။

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးလိုသည့် ရိုးသားအေးဆေးသည့် လူမျိုး ဖြစ်ပါသည်။

မြန်မာ့သမိုင်းစဉ်ကို ပြန်ကြည့်လျှင် မြန်မာတိုင်းရင်းသား တို့သည် နယ်ချဲ့တို့၏ ပေးခဲ့သည့်ဆိုးမွေအား ခါးကော့အောင် ခံစားဖူးသူများဖြစ်သကဲ့သို့ အမျိုးပျောက်မှာ စိုးကြောက်သူများ ဖြစ်ပါသည်။

ထို့အတူ မြန်မာလူမျိုးတို့သည် ထမင်းကြမ်း ယပ်ခတ် စားရပါစေ သူ့ကျွန်မဖြစ်ဘဲ ကိုယ့်အရှင်၊ ကိုယ့်သခင်နှင့် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနှင့် ပျော်ရွှင်စွာ နေလိုသူများ ဖြစ်သည်

■



www.burmeseclassic.com

www.burmeseclassic.com

၆။
ဒေါ်အောင်ဆန်းစုကြည်၏
ဒီမိုကရေစီနှင့်
မြန်မာပြည်သူလူထု



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

"ငါတို့မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံ၊ မေတ္တာ ကရုဏာ၊ မုဒိတာ စတဲ့ပြဟ္မစိုရ်တရား (၄) ပါးရှိတယ်။ လူသားတွေရဲ့ အနိမ့်ဆုံးရှိသင့်တဲ့ ကိုယ်ချင်းစာတရား ရှိတယ်။ ဒီနိုင်ငံမှာ ဒီမို ကရေစီ မရှိဘူး။ လူ့အခွင့်အရေး မရှိဘူးဆိုခဲ့ ရင် ငါ လက်မခံဘူး"

ဒါက အမေစိန် ပြောခဲ့ဖူးသည့်စကား။ အမေစိန်က 'စစ်ကိုလည်းကြုံ၊ ခြုံအုံလည်းဖြစ်၊ ဓားထစ်လည်းခံ' ဆိုသည့် ဆရာမင်းသုဝဏ်၏ ပျဉ်းမငုတ်တိုကဗျာကို အတွေ့အကြုံရင့်သူ။ အမေစိန်ဆုံးတော့ ၉၈ နှစ်။



www.burmeseclassic.com

www.burmeseclassic.com



အမေစိန်က ၁၉၉၃ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သွား၏။ အမေစိန်က ကုမ္မာရီအသင်းဝင် ဖြစ်ခဲ့သည်။ ရေနံမြေသပိတ် ရန်ကုန်ရောက်တော့ အပြုံးနှင့်ကြိုခဲ့သူ။

၈၈-၉၀ တုန်းက အနောက်နိုင်ငံ အသံလွှင့်ဌာနတွေက စစ်တပ် (တပ်မတော်) အား စစ်အစိုးရ၊ အာဏာရှင်အစိုးရ၊ စစ်အစိုးရကြောင့် လူတွေ လူ့အခွင့်အရေး ဆုံးရှုံးနေသည် ဆိုတော့-

"ဒီကောင်တွေက တို့မီးရှို့မီးတွေ၊ စစ်တပ် အုပ်ချုပ်ရင် စစ်အုပ်ချုပ်ရေးနဲ့ပဲ အုပ်ချုပ်မှာ ပေါ့။ အမိန့်နဲ့ စည်းကြပ်ရမှာပဲ။ လူတွေ ကိုယ်တိုင်က စည်းပျက်ကမ်းပျက် ဖြစ်နေတာ သူတို့ မသိဘူးလား။ လိုချင်တာ ဖြည့်ဆည်း မပေးရင် အပြစ်လား။ လူ့အလို နတ်မလိုက် နိုင်လို့ စကားရှိတယ်။ လိုချင်တာ ဖြည့်ဆည်း မပေးနိုင်ရင် အခွင့်အရေး ချိုးဖောက်တယ် ခေါ်လား၊ ဟင်း... မပြောလိုက်ချင်ဘူး၊ စည်း ကမ်းပျက်နေသူကို အမိန့်အာဏာနဲ့ အုပ်ချုပ်မှ ရတာ။ နေရာတကာ ရွှေပြည်အေးတရားယော လို့ မရဘူး"

ဟု ပြောသည်။

အမေစိန်နှင့် မိမိက နှစ်ရှည်လများ လက်ပွန်းတတီး



www.burmeseclassic.com

www.burmeseclassic.com


နေခဲ့သည်။

"စစ်တပ်က ဆူပူသောင်းကျန်းလို့ ဂိုဒေါင်ဖောက်လို့ ပစ်ခတ်နှိမ်နင်းတာ ဗိုလ်ချုပ်ကိုယ်တိုင်ကလည်း ဆူပူသောင်းကျန်းရင် ချရမယ်လို့ ပြောခဲ့တာပဲ"

ဟုပြောပြီး–

"သားကို ပြောပြမယ်၊ အမေက ဗိုလ်အောင်ကျော်ကျဆုံးတော့ သိခဲ့မြင်ခဲ့တယ်။ လက်နက်ဆို အပ်တိုတစ်ချောင်းတောင်မရှိတဲ့ ကျောင်းသားတွေကို နယ်ချဲ့စစ်ပုလိပ်မြင်းတပ်က လူမဆန်စွာ ရိုက်နှက်လို့ ဗိုလ်အောင်ကျော် ကျဆုံးရတာ။ ပြီးတော့ မန္တလေးက အာဇာနည် (၁၇)ဦးကိုလည်း သူတို့ပဲ ရက်စက်စွာ နှိမ်နင်းခဲ့လို့ သေခဲ့ရတာလေ။ ဒါတွေကျတော့ မေ့သွားကြပြီလား။ ဒါကပြောရရင် အိမ်ကြက်ချင်း အိုးမဲသုတ် ခွတ်ခိုင်းတဲ့လူယုတ်မာစိတ်ဓာတ်ပဲ"

ဟု ပြောပြသည်။

အခု အမေစိန် မရှိတော့။ ရှိရင် ဘာပြောဦးမည်မသိ။


www.burmeseclassic.com

www.burmeseclassic.com



[၂]

"ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကို မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့ ဗြဟ္မစိုရ်ရဲ့ တရားလေးပါးနဲ့ အားဖြည့်ပြီး တည်ဆောက်ရမယ်"

ဟု သူမ ပြောခဲ့ဖူးသည်။

မှန်သည်။ ကျွန်တော်တို့နိုင်ငံသည် ဘာသာယဉ်ကျေးမှု ပြည့်စုံသည့်နိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံနှင့် အရှေ့တောင် အာရှနိုင်ငံများတွင် အနောက်တိုင်းနှင့်မတူသည့် ဟိရိဩတ္တပ္ပ တရားများ လက်ကိုင်ထားသည်။ စာနာကြင်နာမှုတွေ ရှိနေသည်။ အဖေက ပြုစုဖူးသည်။

"ငါတို့ကို အရိုင်းအစိုင်းတွေ၊ သူတို့သာ ယဉ်ကျေးတဲ့လူမျိုးဖြစ်တယ်လို့ နယ်ချဲ့ဗြိတိသျှနဲ့ အပေါင်းအပါတွေက ဆိုခဲ့တယ်။ ဘာပဲဖြစ်ဖြစ် ငါတို့မှာ ယဉ်ကျေးမှုရှိတယ်။ ရိုးသားဖြူစင်စိတ်ရှိတယ်။ ဟန်မဆောင်တတ်ဘူး။ ပြောစရာရှိရင် ရဲရဲရင့်ရင့် ပြောတယ်။ ဒါကြောင့် ငါတို့ကို အရိုင်းအစိုင်းတွေလို့ ပြောတာ"

ဟု အဖေက ပြောသည်။ သို့နှယ်ပင် 'ငါတို့လူမျိုးတွေမှာ ဒီမိုကရေစီစိတ်ဓာတ်အပြည့် ရှိတယ်၊ လူလူချင်း စာနာစိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိသည်။ ဒါက စစ်မှန်သည့် ဒီမိုကရေစီစိတ်ထားဖြစ်သည်ကို သူမလည်း နားလည်လိမ့်မည်။

မြန်မာပြည်သူလူထု၏ မြင့်မြတ်သည့် ဒီမိုကရေစီစိတ်ထားနှင့် လူသားချင်း စာနာထောက်ထားမှုကို သူမလည်း ကြုံဖူးလိမ့်မည်။

မြန်မာပြည်သူလူထု၏ ရိုးဖြောင့်တည်ကြည်မှု၊ ဟန်ဆောင်ခြင်း ကင်းမဲ့မှုသည် စိတ်ဓာတ်ရှိသည်။

သူတစ်ပါးအကျိုး ပျက်စီးသည့်ကိစ္စကို မပြုသူများ။ မကောင်းမှုကို ပြုရမည်ကို ကြောက်ခြင်း၊ ရှက်ခြင်းစိတ်ရှိသူများပင်။

မကောင်းမှုကို ပြုရမည်ကို ရှက်ခြင်း၊ ကြောက်ခြင်းဟူသည် ဟိရိဩတ္တပ္ပစိတ်သည် မွန်မြတ်သည့် ဒီမိုကရေစီစိတ်ထား မဟုတ်လော။

* * *

သူမသည် အထက်တန်းပညာ သင်ချိန်အထိ မြန်မာနိုင်ငံတွင် ရှိခဲ့သည်ပင်။ ထို့ကြောင့် လမ်းဘေးရေအိုးစင်များကို တွေ့ဖူးလိမ့်မည်။

မြန်မာကျေးလက်၊ ရွာမြို့များ၌ တစ်အိမ်အိမ်မှ အသော့ကြော်မည်ဆိုလျှင် ငါ့ဟာငါ ချက်တာပဲ၊ ဘယ်သူ့မှ ဂရုစိုက်စရာမလိုဟူသည့်စိတ်မျိုး မရှိ။

သော့ကြော်လုပ်တော့မည်ဆိုလျှင် သူတစ်ပါးအသော့ံမိမည်



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်ဖြင့် ညှော်ကြမယ်ဗျို့ဟု အော်သည်။ ဒါက ဒီမိုကရေစီစိတ်အခြေခံ၊ လူသားချင်း စာနာမှု မဟုတ်လား။

ဒါတွေက လုပ်ပါလို့ခိုင်းသဖြင့် လုပ်ခြင်းမဟုတ်။ ကိုယ်ပိုင်အသိနှင့် လုပ်ခြင်းပင်။

သူတစ်ပါးစေတနာကို အလေးထားသည်။ မဖျက်ဆီးကြပါ။

သို့သော် မြန်မာနိုင်ငံတွင်းသို့ ယဉ်ကျေးမှုပျက်များ တိုးဝင်လာပြီးသည့်နောက်ပိုင်း သူတစ်ပါးစေတနာကို ဥပေက္ခာပြုစိတ်များ ရှိလာသည်။ အများအကျိုးအတွက် လုပ်ထားသည်ကိုပင် ဖျက်လိုဖျက်ဆီး လုပ်ကြသည်။

ဒါတွေကဲ ဝမ်းနည်းစရာပင်။

[၃]

နိုင်ငံခြားပြန် မိတ်ဆွေတစ်ဦးက-

"ငါ အနောက်နိုင်ငံအတော်များများ ရောက်ဖူးတယ်။ သူတို့နိုင်ငံတွေမှာ ရုပ်ဝတ္ထုပစ္စည်းတိုးတက်မှုတွေရှိနေပေမယ့် စိတ်ဓာတ်အင်အားနည်းတယ်။ လူအချင်းချင်း စာနာမှု၊ စေတနာအားနည်းတယ်။ ကိုယ့်ရှိမှစားရတာ။ မိတ်ဆွေချင်းပေမယ့် စေတနာထားကူညီလိုစိတ်နည်းတယ်။ အရာရာ ကိုယ့်အတွက်ပဲကြည့်တယ်"



www.burmeseclassic.com

www.burmeseclassic.com


"အေး...လူလူချင်း ရိုင်းပင်းကူညီလိုစိတ်ရှိ တာ တစ်ဦးတည်းစားပြီး အခြားသူအပေါ် ဥပေက္ခာ မပြုတတ်တာ ဗမာ့စိတ်ထားပဲ။ ဒီစိတ်ထား ဟာ မွန်မြတ်တဲ့စိတ်ထားလေ။ နိုင်ငံတကာ ရပ်ဝန်းက စကားနဲ့ပြောရရင်တော့ ဖြူစင်တဲ့ ဒီမိုကရေစီစိတ်ထားပဲ"

ဟု ရှင်းပြသည်။

သူ၏ရှင်းပြချက်များက ယထာဘူတကျသည်။ မိမိတို့ လူမျိုးစုများတွင် နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှု ရှိသည်။

ဖြူစင်မှန်ကန်သည့် ဒီမိုကရေစီစိတ်ဓာတ်၊ မျှတသည့် စိတ်ဓာတ် ရှိသည်။ ဘာ့ကြောင့် ဒီကနေ့ လူတချို့က မိမိနိုင်ငံ နှင့်လူမျိုး၏ နှလုံးသားတွင် ခိုင်မာစွာ တည်ရှိနေသည့် ဒီမို ကရေစီစံအား ပစ်ပယ်ပြီး အနောက်နိုင်ငံ၏ ဒီမိုကရေစီစံအား ဗန်းတင်နေကြသနည်း။

မြန်မာပြည်သူအများစုက-

"ငါတို့က စစ်မှန်တဲ့ လူမျိုးယဉ်ကျေးမှုနဲ့ညီတဲ့ စာနာထောက်ထားမျှတတဲ့ ဒီမိုကရေစီပဲ လိုချင် တယ်။ တစ်ဦးတစ်ယောက် တစ်ဖွဲ့ကို ပစ်မှတ် ထားအပြစ်ရှာပြီး လွတ်လပ်စွာ တိုက်ခိုက်နေ တဲ့ ဒီမိုကရေစီတော့ မလိုချင်ဘူး"

"ငါတို့မြန်မာနိုင်ငံမှာ မကောင်းမှုကို ပြုရလုပ်ရ


www.burmeseclassic.com

www.burmeseclassic.com



မှာ ရှက်ကြောက်တဲ့ ဟိရိဩတ္တပ္ပစိတ်နဲ့ အချင်းချင်း စာနာထောက်ထားပြီး နာစရာရှိရင် လွှမ်းတာနဲ့ဖြေတဲ့ စာနာခြင်းတရားလေးပါး အခြေခံတဲ့ ဒီမိုကရေစီ လိုချင်တယ်။"

"ငါတို့နိုင်ငံမှာ တစ်ဦးကိုတစ်ဦး အပြစ်မြင် ထောက်ပြအကောက်ကြံတဲ့အမြင်တွေ ကင်းဝေးရမယ်။ ဒီအတွက် စည်းဝါးရှိဖို့လိုတယ်။ ညီညွှတ်ဖို့လိုတယ်။ ဒါဆိုရင် ငြိမ်းချမ်းအေးဆေးမှာ မုချပဲ"

ဟု ပြောနေသံကို ကြားနေရသည်။ ဒါက ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတွေ၊ အမှန်တွေ။ အရောင်မချယ်သည့် စိတ်ထားတွေသာ ဖြစ်၏။

ဒါကို သိစေချင်သည်။ စင်စစ် မြန်မာ့စိတ်ထားဆိုသည်မှာ ရိုးဖြောင့်တည်ကြည်သော၊ အမှန်တရား မြတ်နိုးသော စိတ်ထားဖြစ်သည်။

မြန်မာနိုင်ငံအတွက် ဒီမိုကရေစီသည် ပုံတူကူးချသည့် ဒီမိုကရေစီ မဖြစ်သင့်။ ယဉ်ကျေးမှုအပြည့်နှင့် စာနာကြင်နာစိတ်အခြေခံသည့် မြန်မာ့ဒီမိုကရေစီသည်သာ မြန်မာနိုင်ငံတွင် ထွန်းကားရှင်သန်သင့်သည်ကိုလည်းကောင်း၊ ရှင်သန်ကြီးထွားသင့်သည်ကိုလည်းကောင်း သူမ သိသင့်သည်တည်း။

■



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည် ပြောသော . . .
နိုင်ငံရေးအမြင်နှင့် နိုင်ငံရေးအတွေးအခေါ်

"ဒါတွေကို လုပ်မပေးသေးဘူး၊ ဒါတွေကို
လုပ်ပေးဖို့ လိုတယ်လို့ ပြောနေဖို့ မလိုဘူး။
ကိုယ့်လမ်းကို ကိုယ်ထွင်ရမယ်။ ကိုယ့်လမ်း
ကိုယ်ထွင် ကိုယ့်အပင်ကိုယ်စိုက်ပြီး ကျွန်မတို့
ဒီမိုကရေစီနိုင်ငံသစ်ကို တည်ထောင်ရမယ်"

ဟု သူ ဆိုခဲ့သည်။

သူမက ဥယျာဉ်မှူးစိတ်ဓာတ်ရှိသူပင်။ လမ်းသစ်ထွင်၍ ပြည်သစ် တည်လိုသူလည်း ဖြစ်၏။ စွမ်းဆောင်ကြိုးပမ်းလို စိတ်နှင့် အောင်မြင်မှုပန်းတိုင်အား စိုက်ထူလိုသူသည် ကိုယ်စွမ်းကိုယ်စအား အဓိကထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးအား အားကိုးစိတ်မထား။

ကိုယ့်အားကိုယ်ကိုးသူသာ ဖြစ်သည်။ မှန်သည်။

သူမက လမ်းသစ်ထွင်သူဖြစ်သဖြင့် မိမိကိုယ်မိမိ အားကိုး၏။ ဖွဲလုံ့လ ဝီရိယကို အခြေတည်၏။ ဖြစ်တည်မှု အတွက် အခြေအနေနှင့် အချိန်အခါကို လေ့လာ၏။

ပြည်သူ့အတွက် အကျိုးမရှိနိုင်သည့် ကိစ္စမှန်သမျှအား ရှောင်ရှားခဲ့ပြီ။ ပြုပြင်ပြောင်းလဲခြင်းနှင့် နိုင်ငံရေးဘဝခရီးကို တည် ဆောက်နေပြီဟု ဆိုရမည်။

"ကျွန်မတို့နိုင်ငံရဲ့ ဒီမိုကရေစီကို မေတ္တာ၊ ကရုဏာ၊ မုဒိတာ စတဲ့ဗြဟ္မစိုရ်တရားအပေါ် အခြေခံပြီး တည်ဆောက်ရမယ်"

ဟု ဆိုခဲ့၏။ ထို့အတူ သူမက-

"ကျွန်မတို့ပါတီအနေနဲ့ ပြည်သူ့အကျိုးကို ပြည့်ပြည့်ဝဝ သည်ပိုးထမ်းရွက်နိုင်ဖို့အတွက် ရွေးကောက်ပွဲဝင်မယ်၊ တကယ်တော့ ရွေးကောက်ပွဲဟာ ဒီမိုကရေစီရဲ့ လိုအပ်ချက် တစ်ခုပဲ"

ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်ပင် သူမသည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီးနောက်ပိုင်း မရပ်မနား အလုပ်လုပ်ခဲ့သည်။ 'ကျွန်မ နေအိမ်အကျယ်ချုပ်မှာ နေရစဉ်က မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနဲ့ ပြည်သူ့ဘဝလိုအပ်ချက်တွေကို လေ့လာခဲ့တယ်၊ ဒီကနေ့ ပြည်သူ့ဘဝ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ကျွန်မ အလုပ်တွေ မနားတမ်းလုပ်နေတာ' ဟု မပြောခဲ့သော်လည်း သူမ၏ လုပ်ဆောင်ချက်များက သက်သေခံနေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်အောင်ဆန်းစုကြည်

သို့မဟုတ်

## မှန်ရာကို ညွှန်ပြပြောဆိုတတ်သူ

[၁]

သူမက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးပီပီ မှန်ရာကို ရဲရဲဝံ့ဝံ့ ပြောရဲသူ၊ ပြောဝံ့သူဟု ဆိုရမည်။

ဝါရင့်နိုင်ငံရေးသမားတစ်ဦးက–

"အောင်ဆန်းစုကြည်ဟာ ဗိုလ်ချုပ်ကိုယ်တိုင် ချီးကျူးခဲ့တဲ့သမီးဖြစ်သလို ဗိုလ်ချုပ်စိတ်ထား တွေ သူ့မှာ ရှိတယ်။ သူ နေအိမ်အကျယ်ချုပ်က လွတ်တော့ သူ့ကို ကြိုဆိုတဲ့လူထုကြီးကို



www.burmeseclassic.com

www.burmeseclassic.com



'နောင်ဆို လူထုကြီးလမ်းပေါ် ထွက်စရာ မလိုတော့ပါဘူး' ဆိုတာက သူ့ရင်ထဲက စကားဆိုတာ ယုံတယ်။ သူဟာ တစ်ခါတစ်ရံ ဗိုလ်ချုပ်လို တဖွတ်ထိုးနိုင်ပေမယ့် ပြည်သူ အကျိုး မဖြစ်ဘူးဆိုရင် ပြုပြင်ပြောင်းလဲဖို့ ဝန်မလေးသူလည်း ဖြစ်တယ်ကွ"

ဟု ရှင်းပြဖူးသည်။

မှန်သည်။

သူမက မှန်ရာကို ရဲဝံ့စွာ ပြောဝံ့သူလည်း ဖြစ်၏။ ပြောရဲသူလည်း ဖြစ်သည်။ သူမက အမြော်အမြင်ရှိပြီး ဖြူစင်သူဖြစ်သဖြင့် စိတ်ထဲရှိသည့် မှန်ရာကို မည်သူ ဝေဖန်မည်ကိုမျှ မကြောက်ဘဲ ပြောဝံ့သူ။

ရုပ်ရှင်သရုပ်ဆောင် 'ဇာဂနာ' လွတ်လာတော့ အောင်ဆန်းစုကြည်က 'သမ္မတကြီးကို ယုံပါလို့' ရဲဝံ့စွာ ပြောဆိုညွှန်ပြခဲ့သည်က သက်သေပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com



[၂]

"ပြည်သူ့ဆန္ဒနဲ့ ပြည်သူ့အသံကို အလေးထား
တဲ့ အစိုးရကို ကြိုဆိုတယ်"

ဟု အစိုးရသစ်၏ နိုင်ငံတော်သမ္မတဦးသိန်းစိန်မှ မြစ်ဆုံ စီမံကိန်း ရပ်ဆိုင်းကြောင်း လွှတ်တော်သို့ သဝဏ်လွှာပို့ပြီး တော့ သူမ ဗွင့်လင်းစွာ ပြောခဲ့သည်။

သူမက သူမ၏ ပြုပြင်ပြောင်းလဲမှုများအား ပြည်သူ မြင်လာအောင်လည်း ပြခဲ့၏။

သူမက–

"နောင်ဆို လူထုကြီးလမ်းမပေါ် ထွက်စရာ
မလိုတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူမအား ကြိုဆိုလာသည့် လူထုကြီးအား ဤမည်သော ပြောင်းလဲမှုအသွင်သဏ္ဍာန်ဆောင်သည့်စကားနှင့် နှုတ်ခွန်းဆက်ခဲ့သလို-

"ကျွန်မ ပါတီအကျိုးထက် ပြည်သူ့အကျိုးကိုပဲ ရှေ့ရှုမယ်"

ဟုလည်းကောင်း၊

"ကျွန်မတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အာဏာယူမယ့်ပါတီ မဟုတ်ဘူး။ ပါတီအင်အား တိုးအောင်လုပ်ပြီး လက်ရှိအစိုးရကို ခြိမ်းခြောက်မယ့်ပါတီ မဟုတ်ဘူး"

ဟုလည်းကောင်း၊

"အာဏာလိုချင်ရင် အဖွဲ့ချုပ်ကို မဝင်နဲ့၊ ပြည်သူ့အကျိုးပြုမယ်ဆိုမှ အဖွဲ့ချုပ်ကိုဝင်"

ဟုလည်းကောင်း ပွင့်လင်းပြတ်သားစွာ ရဲရဲဝံ့ဝံ့ ကြေညာပြောဆိုခဲ့သလို-

"ဒီမိုကရေစီနိုင်ငံကြီးအဖြစ် ပီပြင်စွာ တည်ဆောက်နိုင်ဖို့ ငြိမ်းချမ်းရေးဟာ လိုအပ်တယ်၊ ဒီမိုကရေစီရေး အောင်မြင်ဖို့ ငြိမ်းချမ်းရေး



www.burmeseclassic.com

www.burmeseclassic.com



ရအောင် လုပ်ရမယ်”

ဟု ပြောခဲ့၏။

သူမ၏ ကြိုးပမ်းမှု၊ အသွင်ပြောင်းလဲခြင်းတို့ကြောင့် နိုင်ငံအနာဂတ် ဒီမိုကရေစီလမ်းကြောင်း ဖြောင့်တန်းခြင်း အသွင်သဏ္ဍာန်များ ပီပြင်ခဲ့၏။

အစိုးရသစ်နှင့်သူမ သဟဇာတ ဖြစ်ခဲ့ပြီ။

သူမသည် သမ္မတကြီးနှင့် နိုင်ငံအနာဂတ်အရေးအတွက် တွေ့ဆုံခဲ့ပြီ။ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် တွေ့ဆုံ ညှိနှိုင်းဆွေးနွေးသည့် အကြိမ်လည်း မနည်းတော့။

“အသွင်ပြောင်းမှုဟာ ညင်သာရမယ်။ ပြည်သူကိုလည်း မထိခိုက်စေရဘူး”

ဟု ဆိုခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



[၃]

သူမသည် နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် ပြုပြင်ပြောင်းလဲခဲ့သလို အနာဂတ်နိုင်ငံတော်အတွက် ခက်ခဲသည့်အလုပ်တစ်ခုကို လုပ်ခဲ့ပြီ။

ထိုအလုပ်က အခြားမဟုတ်။

'အမျိုးသား ပြန်လည်သင့်မြတ်ရင်ကြားစေ့ရေးပင်'။

သူမက–

"ဒီအလုပ်က ခက်ခဲတဲ့အလုပ်ပဲ။ အမြင်မတူသူနှစ်ဦးရဲ့ မတူညီမှုကို ညှိယူရတာလေ။ ချွတ်ချော်တိမ်းပါးနိုင်လို့ သတိပြုရတယ်။ ပြည်သူတွေက ဝိုင်းဝန်းကူညီပါ"

ဟု ပွင့်လင်းစွာ ဆိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။

သူမက နိုင်ငံတော် အနာဂတ်အတွက် အမျိုးသား ပြန်လည်သင့်မြတ်ရင်ကြားစေ့ရေးတာဝန်အား ထမ်းဆောင်နေသလို သူမကိုချစ်သော ပြည်သူကလည်း သူမ ချွတ်ချော်တိမ်းပါးမှုမရှိအောင် ပံ့ပိုးကူညီရမည်။

စည်းလုံးညီညွတ်ခြင်း၊ ပေါင်းစုစွမ်းဆောင်ခြင်းဖြင့် အနာဂတ်ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်နိုင်ရန် လက်တွဲပံ့ပိုးရမည်ဖြစ်သတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်အောင်ဆန်းစုကြည်
## ပကာတိစိတ်ထားနှင့်
## တပ်မတော်အပေါ် အမြင်ကြည်သူ

[၁]

"အောင်ဆန်းစုကြည်ဟာ တပ်မတော်အစိုးရ
အပေါ် မုန်းတီးဥပေက္ခာပြုသူ မဟုတ်ဘူး
ဆိုရင် စာရေးဆရာ ယုံမလား"

ဟု ကျွန်တော့်မိတ်ဆွေ ဦးသန်းထွတ်က ပြောဖူး၏။ ကျွန်တော်က-

"ဟုတ်တယ်လေ၊ တပ်မတော်အစိုးရနဲ့ သူ
ထိပ်တိုက်ရင်ဆိုင်မှုတွေ ဖြစ်နေတာ သူ့
ကြောင့်လို့ နားလည်ပြီးသားပါ"

ဟု ဖြေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းထွတ်က ပြုံးပြီး-

"ခင်ဗျား တစ်ချိန်မှာ စာရေးရင် ရေးနိုင်ဖို့ ပကတိအဖြစ်မှန်အကြောင်းကလေး တစ်ခု ပြောပြချင်တယ်"

ဟု ပြော၏။

"အင်း…ပြောစမ်းပါ"

"ပြောရရင် အံ့သြစရာလည်းဖြစ်သလို ကျေနပ်စရာလည်းဖြစ်တယ်ဗျ။ ပြောတဲ့သူက သူ့အိမ်က စားဖိုမှူးက သူ့ကိုယ်တွေ့ဆိုလို့သာ ယုံရတာ မယုံစရာကောင်းတာတော့ အမှန်ပဲ"

"အင်း…ပြောပါ"

သူက သက်ပြင်းချပြီး ပြုံးသည်။ ပြီးမှ-

"ပြောရရင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နဲ့ ပတ်သက်တဲ့ လီလီပန်းဓာတ်လမ်းမျိုးဗျ"

ဟု ပြောသည်။

ထို့နောက် သူက-



www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်အပျက်က နာဂစ်ဖြစ်ပြီးနောက်ပိုင်း သူ့အိမ်တွင်းမှာ ဖြစ်ခဲ့တဲ့ လူသားဆန်တဲ့အဖြစ်ပဲ။ နာဂစ်မှာ မြန်မာနိုင်ငံအနှံ့ ပျက်စီးယိုယွင်းမှုတွေ ရှိခဲ့သလို ဒေါ်စုအိမ်တွင်းမှာလည်း အကျိုးအပဲ့ အပျက်အစီးတွေ ရှိခဲ့တယ်။ အဲဒီကျိုးပဲ့ပျက်စီးမှုတွေကို တပ်မတော်သားတွေက ဦးစီးပြီး ဖယ်ရှားရှင်းလင်းပေးခဲ့ရသလို ဒေါ်စုအိမ်တွင်းက အကျိုးအပဲ့ အပျက်အစီးတွေကိုလည်း တာဝန်ကျ တပ်မတော်သားတွေကပဲ ဖယ်ရှား ရှင်းလင်းပေးရတယ်။ အဖြစ်က အဲဒီနေ့က ဖြစ်ခဲ့တဲ့အဖြစ်လေ"

ကျွန်တော် သူ့ကိုကြည့်လိုက်ပြီး-

"ခင်ဗျားဇာတ်လမ်းက ဇာတ်ရှိန်မြင့်လာပြီပဲ"

ဟု ပြောလိုက်၏။

"ဟုတ်တယ်၊ ဒီအပိုင်းက ဇာတ်ရှိန်အမြင့်ဆုံးပဲ။ ပြောရရင် ဒါဟာ ပကတိအရှုတ္တကို ဖော်ပြတာပဲ"

"အင်း...ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရရင် အဲဒီနေ့က ခြံထဲက သစ်ကိုင်း သစ်ပင် အကျိုးအပဲ့တွေကို တပ်မတော်သား ရဲဘော်တွေက ရှင်းပေးတယ်။ ဒီလို ရှင်းပေး တဲ့ ရဲဘော်တွေကို ဒန်ပေါက် ကျွေးတယ်။ ကျွေးသူက ဘယ်သူ ထင်လဲ"

"ဘယ်သိမလဲ"

"ရဲဘော်လေးတွေကို ဒန်ပေါက် ဝယ်ကျွေးသူ က ဒေါ်စုဗျ။ ဒီနေအိမ်တွင် ရှင်းပေးတဲ့ ရဲဘော်တွေကို သူကိုယ်တိုင် ကျွေးမယ်လို့ ပြောတယ်။ သူကိုယ်တိုင် စုဆောင်းထားတဲ့ ငါးရာတန်အဟောင်းကလေးတွေနဲ့ ဝယ်ကျွေး တာလို့ သူ့စားဖိုမှူးက ပြောပြတာဗျ"

ကျွန်တော်လည်း သူမအကြောင်းအား နားထောင်ရင်း ပြုံးမိသည်။ ကျေနပ်လည်း ကျေနပ်မိသည်။

စင်စစ်မူ ဘာပဲပြောပြော သူမသည် တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သလို သူမတွင် တပ်မတော် အား ချစ်ခင်စိတ်ရှိသည်။ ဒါက သက်သေပဲ ဆိုရမည်။

* * *



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

[၂]

သူမနှင့်တပ်မတော် ခပ်စိမ်းစိမ်း ဖြစ်နေခဲ့သည်မှာ အကြောင်းရှိနိုင်သည်။ ဘာ့ကြောင့်လဲ။

ဒါကို သူမသာ သိမည်။

ယခုမူ သူမသည် သူမ၏ရင်ထဲမှဆန္ဒအား ၂၃-၁-၂၀၁၂ ခုနှစ်ထုတ် ဒီလှိုင်းစာစောင်၌ ပွင့်လင်းစွာ ဖွင့်ဟ ပြောခဲ့ပြီ။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို မြန်မာစစ်တပ်က ပိတ်ဆို့ပစ်နိုင်တယ်ဟူသော ခေါင်းစဉ်ဖြင့် ဇန်နဝါရီလ (၅) ရက်၌ အေပီသတင်းဌာနမှ ဖော်ပြခဲ့သည့်သတင်းနှင့်ပတ်သက်၍ ဒီလှိုင်းစာစောင်မှ မေးမြန်းချက်အား သူမ ဖြေကြားချက်အပြည့်အစုံမှာ ဤသို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလှိုင်း။ ။ ဥက္ကဋ္ဌခင်ဗျား…ဇန်နဝါရီ ၅ ရက်နေ့ထုတ် အေပီသတင်းမှာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွေဟာ ရပ်ဆိုင်းလို့မရတဲ့ အဆင့်အထိတော့ မရောက်သေးပါဘူး။ တပ်မ တော်က လက်ခံမှသာ ဒီအပြောင်းအလဲတွေ အောင်မြင်မှာပါလို့ ဥက္ကဋ္ဌက ပြောခဲ့ပါတယ်။ ဒီအချက်နဲ့ပတ်သက်လို့ ထပ်မံ ရှင်းလင်းပြော ကြားဖို့ ရှိပါသလားခင်ဗျာ။

ဥက္ကဋ္ဌ။ ။ ဒါက ကျွန်မပြောတာ ရှင်းနေပြီလို့ ထင်ပါ တယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပြုပြင် ပြောင်းလဲမှုတွေဟာ ပြန်လှည့်လို့မရတော့တဲ့ အဆင့်တော့ မဟုတ်သေးပါဘူး။ တကယ်လို့ ပြုပြင်ပြောင်းလဲမှုတွေဟာ ပြည်လှည့်လို့မရ တော့တဲ့အထိ စိတ်ချရဖို့ဆိုရင် တပ်မတော်က ပူးပေါင်းပါဝင်ဖို့ လိုလိမ့်မယ်။

ဒီလှိုင်း။ ။ အခုအနေအထားမှာ အန္တရာယ်များတယ်လို့ မပြောနိုင်ပါဘူး။ ဒါပေမယ့် ရပ်ဆိုင်းလို့မရတဲ့ အဆင့် ရောက်ပြီလို့လည်း မပြောနိုင်ပါဘူး။



www.burmeseclassic.com